မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၄၂] ရန်ကုန်မြို့ { ၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက် (၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်) } သောကြာနေ့ [အတွဲ ၇၅

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၄၄/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်

(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်)

**ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်းအစားထိုးရမည်−

"(ခ) ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်သည် ရာထူးအလျောက် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတွင်းရေးမှူးဖြစ်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၀/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့်**

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးကျော်ကျော်နိုင် | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန |
| (ခ) | ဒေါက်တာ သီတာလှ | ပါမောက္ခချုပ် (ဆေးရုံအုပ်ကြီး/ကုသရေး)<br>ရန်ကုန်ပြည်သူ့ဆေးရုံကြီး<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ လှိုင်ကော်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ အောင်ခင်မြင့် ကို ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၁/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်

(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဦးဇော်ဝင်းထွန်း | ကျောင်းအုပ်ကြီး<br>မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၂) ဦးကျော်နိုင်အေး | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့သင်္ဘောကျင်းလုပ်ငန်း<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၁၅၂/၂၀၂၂)

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်
(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်)

### အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ အဖွဲ့ဝင်ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၃၁၃/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် **အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ** တွင် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန **အစား** ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၁၅၃/၂၀၂၂)

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်
(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်)

### ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဂ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဃ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

(င) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(စ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဆ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဇ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဈ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(ည) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဋ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

(ဌ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သမဝါယမဦးစီးဌာန
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဒ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဓ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(န) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(ပ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဖ) မွေးမြူရေးပညာရှင် — အဖွဲ့ဝင်

(ဗ) အင်ဂျင်နီယာပညာရှင် — အဖွဲ့ဝင်

(ဘ) စိုက်ပျိုးရေးနှင့် ဖွံ့ဖြိုးရေးပညာရှင် — အဖွဲ့ဝင်

(မ) ဒုတိယညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ယ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၀၄/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၄/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်

(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)

## ၂၀၂၃ ခုနှစ်၊ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း

၂၀၂၃ ခုနှစ်၊ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် **၂၀၂၃ ခုနှစ်၊ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ဒုတိယဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ပြည်ထောင်စုဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |

(၁၃) ဥက္ကဋ္ဌ အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

(၁၄) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(၁၅) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

(၁၆) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
လူမှုရေးနှင့် ယဉ်ကျေးမှုဌာနကြီး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၅/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)

**၂၀၂၃ ခုနှစ်၊ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း**

၁။ ၂၀၂၃ ခုနှစ်၊ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် **၂၀၂၃ ခုနှစ်၊ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဥက္ကဋ္ဌ ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ

( ခ ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

( ဂ ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဃ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

( င ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

| | | |
|---|---|---|
| (စ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အဖွဲ့ဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (ဋ) | ဒုတိယမြို့တော်ဝန်<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဌ) | ဒုတိယတိုင်းမှူး<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူး<br>စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |
| (ဎ) | ဒုတိယညွှန်ကြားရေးမှူး<br>စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |
| (ဏ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (တ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | အဖွဲ့ဝင်<br>နေပြည်တော်ကောင်စီ | အတွင်းရေးမှူး |
| (ဓ) | အမြဲတမ်းအတွင်းဝန်<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | တွဲဖက်အတွင်းရေးမှူး |

၂။ စီမံခန့်ခွဲမှုကော်မတီသည် လုပ်ငန်းများစနစ်တကျဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ဆပ်ကော်မတီများ လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၆/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်

(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)

**စီးပွားရေးရာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်၏ အမျိုးသားစီးပွားရေးကိစ္စရပ်များကို ထိရောက်စွာ ပံ့ပိုးဆောင်ရွက်နိုင်ရေးအတွက် **စီးပွားရေးရာကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း | ကောင်စီဝင် |
| (ဂ) | ဦးစိုင်းလုံးဆိုင် | ကောင်စီဝင် |
| (ဃ) | ဦးရွှေကြိမ်း | ကောင်စီဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ပြည်ထောင်စုဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(တ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ထ) ပြည်ထောင်စုစာရင်းစစ်ချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ဒ) ပြည်ထောင်စုဝန်ကြီး — အတွင်းရေးမှူး
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

၂။ စီးပွားရေးရာကော်မတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆ ပါ ပြဋ္ဌာန်းချက်များဖြစ်သည့် နိုင်ငံတော်၏ အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား တာဝန်ခံဆောင်ရွက်ရန်ဖြစ်သည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၃၂/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၇/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုးကျော်နိုင်ဦး ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး သူရဦးအောင်မျိုးမြင့် ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၈/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်

(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

**စက်ပစ္စည်းကြီးကြပ်မှုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများရှိ မော်တော်ယာဉ်၊ မီးရထား၊ ရေယာဉ်နှင့် လေယာဉ်အပါအဝင် စက်ပစ္စည်းများ၏ စာရင်းကိုစုစည်း၍ စက်ပစ္စည်းအင်အားကို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် မူဝါဒနှင့် လမ်းညွှန်မှုများ ချမှတ်နိုင်ရန် **စက်ပစ္စည်းကြီးကြပ်မှုကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |

( ဋ ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

( ဌ ) ဒုတိယလျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာညွှန်ကြားရေးမှူး အဖွဲ့ဝင်
စစ်မြေပြင်စစ်ဆေးရေး၊ ပြင်ဆင်ထုတ်လုပ်ရေးနှင့် ဖြည့်တင်းရေးဌာန
လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

( ဍ ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ငွေစာရင်းရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

( ဎ ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စက်ပစ္စည်းကြီးကြပ်မှုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၃။ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်း/ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များရှိ စက်ပစ္စည်းများကို စာရင်းကောက်ယူ၍ စာရင်းအင်းများစနစ်တကျရေးဆွဲခြင်း၊

( ခ ) ယာဉ်နှင့် ယန္တရားအပါအဝင် စက်ပစ္စည်းများကို စနစ်တကျအသုံးချမှုနှင့် စပ်လျဉ်း၍ စစ်ဆေးခြင်းနှင့် လိုအပ်သော ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊

( ဂ ) ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်း/ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၌ ထိန်းသိမ်းထားသော စက်ပစ္စည်းများ ပြင်ဆင်မှု၊ စနစ်တကျထိန်းသိမ်းစောင့်ရှောက်မှုနှင့်စပ်လျဉ်း၍ လိုအပ်သောညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊

(ဃ) ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်း/ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ ရုံးသုံးပရိဘောဂအပါအဝင် စက်ပစ္စည်းများဝယ်ယူခြင်း၊ ရယူခြင်းတို့နှင့်စပ်လျဉ်း၍ လိုအပ်သော ထောက်ခံချက်၊ လမ်းညွှန်မှုနှင့် အကြံဉာဏ်များပေးခြင်း၊

( င ) ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်း/ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက စက်ပစ္စည်းများကို ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ဝယ်ယူရာတွင် စက်ပစ္စည်းအမျိုးအစား၊ စံချိန်စံညွှန်းနှင့် ညီညွတ်စေရန် ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊ အကြံဉာဏ်ပေးခြင်းနှင့် လိုအပ်ပါက ဝယ်ယူပေးခြင်း၊

( စ ) ပြည်ထောင်စုအဆင့်ဗဟိုအဖွဲ့အစည်း/ဝန်ကြီးဌာနများ၊တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအတွက် လိုအပ်သည့် ယာဉ်များ၊ ရုံးသုံးစက်ကိရိယာများကို စုပေါင်းဝယ်ယူသည့် ဗဟိုဝယ်ယူရေးစနစ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဆ) ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်း/ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ၊ ချေးငွေနှင့် အထောက်အပံ့ရရှိသည့်အပေါ်တွင် ရေတို/ရေရှည် အကျိုးဖြစ်ထွန်းမည့် အရည်အသွေးမြင့်၊ Brand Name ရှိသော စက်ပစ္စည်းများကိုသာ ဦးစားပေးဝယ်ယူရန်နှင့် ချေးငွေဖြင့် Luxury ပစ္စည်းများ၊ ယာဉ်၊ ပရိဘောဂများ ဝယ်ယူမှုကို ကန့်သတ်ခြင်း၊

(ဇ) အထောက်အပံ့ရရှိသည့် (ငွေ/ပစ္စည်း) များနှင့်ပတ်သက်၍ လုပ်ငန်းအတွက် လိုအပ်သည့် ပစ္စည်း/နည်းပညာတို့ကို ရရှိရေး ဦးစားပေးဆောင်ရွက်ရန်နှင့် Luxury ပစ္စည်းများ တောင်းခံခြင်းကို ကန့်သတ်ခြင်း၊

(ဈ) ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်း/ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် လုပ်ငန်းစီမံကိန်းများအတွက် ဘတ်ဂျက်လျာထားမှုများတွင် လုပ်ငန်းနှင့် တိုက်ရိုက်သက်ဆိုင်သည့် စက်ပစ္စည်းများမှအပ အခြားစက်ပစ္စည်းများ ပါဝင်မှုမရှိစေရန်နှင့် ပါဝင်မည့်ပစ္စည်း (Items) များကို ရှင်းလင်းစွာ ဖော်ပြလျာထားဆောင်ရွက်ရန် ကြီးကြပ်ခြင်း၊

(ည) ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်း/ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ကုန်သွယ်မှုလုပ်ငန်းနှင့် ထုတ်လုပ်မှုလုပ်ငန်းများအတွက် ဝယ်ယူမည့် စက်ပစ္စည်းများနှင့်စပ်လျဉ်း၍ အကြံဉာဏ်ပေးခြင်းနှင့် လမ်းညွှန်မှုပေးခြင်း၊

(ဋ) ပုဂ္ဂလိကအသင်း၊ အဖွဲ့အစည်းများသို့စက်ပစ္စည်းများ ထုတ်ပေးငှားရမ်းခြင်းအတွက် သင့်လျော်သော ငှားရမ်းခနှုန်းထား သတ်မှတ်ပေးခြင်း၊

(ဌ) ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်း/ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ စက်ပစ္စည်းများကို လိုအပ်ပါက အခြားပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်း/ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း (၂၀၁၇)၊ အခန်း (၁၉)၊ ပုဒ်မ (၂၃၃) ပါ သတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းပေးခြင်း၊

(ဍ) ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်း/ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များရှိ စက်ပစ္စည်းများကို စစ်ဆေး၍ တန်ဖိုးသတ်မှတ်ပေးခြင်း၊

(ဎ) IT စက်ပစ္စည်းများကို စနစ်တကျ အသုံးချမှု၊ ပြင်ဆင်မှု၊ ထိန်းသိမ်းထားရှိမှုတို့နှင့်ပတ်သက်၍ လိုအပ်သည့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊

(ဏ) ချေးငွေ/အထောက်အပံ့တို့ဖြင့် ကျခံသုံးစွဲမည့် IT စီမံကိန်းများ Duplicate မဖြစ်စေရေးစိစစ်ဆောင်ရွက်ခြင်း၊

(တ) စက်ပစ္စည်းကြီးကြပ်မှုကော်မတီသည် ယင်း၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာ၌ လုပ်ငန်းအလျောက် လိုအပ်ပါက ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်း/ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များကို ဖိတ်ကြား၍ ဆွေးနွေးခြင်း၊ အကြံဉာဏ်ရယူခြင်း။

၄။ စက်ပစ္စည်းကြီးကြပ်မှုကော်မတီသည် မိမိလုပ်ငန်းတာဝန်ကို အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ကော်မတီအစည်းအဝေးများကို လိုအပ်သလို ကျင်းပနိုင်သည်။

၅။ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ ရုံးလုပ်ငန်းများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။

၆။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၆၇/၂၀၂၁ နှင့် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၀၃/၂၀၂၁ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်ကြော်ငြာစာအမှတ် (၁၆၈/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်

(၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်)

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက် (၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်) တနင်္လာနေ့သည် ''ဒီပါဝလီနေ့'' ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများအက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက် ဖြစ်ကြောင်း ကြေညာလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**အမိန့်ကြော်ငြာစာအမှတ် (၆၄၀/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်

(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ မန္တလေးတိုင်းဒေသကြီး၊ ဇမ္ဗူသီရိမြို့နယ်တရားရုံးမှ ပထမတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီး ဒေါ်တင်မျိုးသူဇာလင်း (တ/၃၅၅၃) အား မန္တလေးတိုင်းဒေသကြီး၊ မြို့နယ်တရားရုံး (စည်ပင်သာယာ)၊ ဇမ္ဗူသီရိမြို့နယ်၊ မြို့နယ်တရားသူကြီးတာဝန် ပူးတွဲထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**အမိန့်ကြော်ငြာစာအမှတ် (၆၄၁/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်

(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ဟသ္သာတမြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီး ဦးစိန်မြတ်ကြူ

(တ/၃၅၀၃) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၆၅၇/၂၀၂၂)

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်
(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်တရားရုံးမှ ပထမတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီး ဒေါ်မေကဗျာအေးကြည် (တ/၃၅၃၂) အား မြိတ်မြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီးတာဝန် ပူးတွဲထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၆၅၈/၂၀၂၂)

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်
(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်တရားရုံးမှ ပထမတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီး ဒေါ်ဖြူသင်းခိုင် (တ/၃၃၆၇) အား ထားဝယ်မြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီးတာဝန် ပူးတွဲထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာ (၉၃၅/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်

(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ စံဖရီးကျေးရွာအုပ်စု၊ အကွက်အမှတ်/အမည် (၉/တောင်ကလေးတိုးချဲ့အကွက်)၊ မြေကွက်အမှတ် (၃၁၀/က) ရှိ **မြေဧရိယာ ၇.၁၄ ဧက** အား **စံဖရီးသုသာန်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ – ၃၇၊ မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၀ (၃)၊ ၃၂–က (၂) တို့အရ **မြို့နယ်စည်ပင်သာယာရေးအဖွဲ့** သို့ အခွန်လွတ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်

(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်)

အမှတ် ၁၃၅။ ဤဝန်ကြီးရုံး၏ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၆) ဖြင့် ဖွဲ့စည်းခဲ့သည့် **အနုပညာဖန်တီးမှုများအား တရားမဝင်ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးအဖွဲ့** အဖွဲ့ဝင်မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေလင်းထွန်း **အစား** ဒုတိယညွှန်ကြားရေးမှူး ဦးကြည်ရအောင် ဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

**(ဝန်ကြီးရုံး)**

၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၅ ရက်

(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်)

အမှတ် ၁၃၆။ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၅/၂၀၂၂) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အမှုထမ်း (၁) ဦးအား ယင်းနှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်–

| **အမည်** | **လက်ရှိရာထူး လစာနှုန်း၊ ဌာနခွဲ** | **တိုးမြှင့်ခန့်ထားမည့် ရာထူး လစာနှုန်း၊ ဌာနခွဲ** |
|---|---|---|
| ဒေါ်သန်းသန်းစိုး (ကပ–၆၈၃၉) | ပုံနှိပ်ကျွမ်းကျင်–၁ (စီစဉ်ရေး) (၂၃၄,၀၀၀–၂,၀၀၀–၂၄၄,၀၀၀) ပုံနှိပ်ဌာနခွဲ (ရန်ကုန်ရုံး) | ဦးစီးအရာရှိ (ပုံနှိပ်) (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ (ရန်ကုန်) |

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)

အမှတ် ၁၃၇။ ဤဝန်ကြီးရုံး၏ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၃ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၉၆) ဖြင့် ဖွဲ့စည်းခဲ့သည့် **အနုပညာဖန်တီးမှုများအား တရားမဝင် ခိုးယူဖြန့်ချိခြင်းဆိုင်ရာကာကွယ်တားဆီးရေးအဖွဲ့** အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီး ဝဏ္ဏလှိုင် **အစား** ဦးစီးအရာရှိ (ပထမတန်း) ဒုတိယဗိုလ်မှူးကြီး ဇော်မင်းထိုက် ဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

**(ဝန်ကြီးရုံး)**

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်
(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်)

အမှတ် ၁၃၈။ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၇/၂၀၂၂) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အမှုထမ်း (၄) ဦးတို့အား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါရာထူးနေရာများသို့ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး၊ တာဝန်ကျရုံး | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ တာဝန်ကျရုံး |
|---|---|---|
| (က) | ဒေါ်အိအိသိမ့်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>လားရှိုးခရိုင်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>သိန္နီမြို့နယ်ရုံး |
| ( ခ ) | ဒေါ်ကြည်ကြည်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ဟုမ္မလင်းမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ကောလင်းခရိုင်ရုံး |
| ( ဂ ) | ဒေါ်နှင်းရီ<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ရေစကြိုမြို့ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>မတူပီခရိုင်ရုံး |
| (ဃ) | ဦးလိန်းဟုန်းမာန်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ကန်ပက်လက်မြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ (ရန်ကုန်)<br>ရုံးချုပ် |

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်

(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်)

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် အမျိုးသားစာကြည့်တိုက်ဥပဒေပုဒ်မ ၂၀၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်**

၁။ ဤနည်းဥပဒေများကို **အမျိုးသားစာကြည့်တိုက်နည်းဥပဒေများ** ဟုခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် အမျိုးသားစာကြည့်တိုက်ဥပဒေတွင်ပါရှိသည့် အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ အမျိုးသားစာကြည့်တိုက်ဥပဒေကို ဆိုသည်။

(ခ) **စာကြည့်တိုက်မှူး** ဆိုသည်မှာ အမျိုးသားစာကြည့်တိုက် ညွှန်ကြားရေးမှူး သို့မဟုတ် အမျိုးသား စာကြည့်တိုက်ခွဲ စာကြည့်တိုက်မှူးကို ဆိုသည်။

(ဂ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများတွင် ပါရှိသောပုံစံကို ဆိုသည်။

(ဃ) **စာကြည့်တိုက်သုံးကက်တလောက် (Cataloguing In Publication–CIP)** ဆိုသည်မှာ စာပေအနုပညာ ပစ္စည်းများအတွက် အမျိုးသားစာကြည့်တိုက်က ပြုစုပေးရသော စာကြည့်တိုက်ကက်တလောက်ကို ဆိုသည်။

(င) **နိုင်ငံတကာသုံး စာကြည့်တိုက် ကက်တလောက်စည်းမျဉ်းများ** ဆိုသည်မှာ စာကြည့်တိုက်သုံး ကက်တလောက် (Cataloguing In Publication–CIP) ရေးသားရာတွင် လိုက်နာရမည့် အင်ဂလို- အမေရိကန် ကက်တလောက်စည်းမျဉ်းများ (Anglo–American Cataloguing Rules–AACR) နှင့် ယင်းကို ချဲ့ထွင်အသုံးပြုထားသော ကက်တလောက်စည်းမျဉ်းများကို ဆိုသည်။

(စ) **ဒူဝီဒသမမျိုးတူစုအမှတ် (Dewey Decimal Classification Number)** ဆိုသည်မှာ စာကြည့်တိုက်ရှိ စာပေအနုပညာပစ္စည်းတို့ကို ပညာရပ်အလိုက် ခွဲခြားရာတွင်အသုံးပြုသည့် ဒူဝီဒသမမျိုးတူစုစနစ် (Dewey Decimal Classification System) မှ မျိုးတူစုအမှတ်ကို ဆိုသည်။

**အခန်း (၂)**

**ကြီးကြပ်မှုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ ဆောင်ရွက်ခွင့်များ**

၃။ ကြီးကြပ်မှုအဖွဲ့သည် ဥပဒေပုဒ်မ ၅ နှင့် ပုဒ်မ ၆ တို့ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးရာတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) အမျိုးသားစာကြည့်တိုက်ဆိုင်ရာ ပြည်ပရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနနှင့် ဦးစီးဌာန တို့၏ မူဝါဒများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) ပြည်တွင်းထုတ် ထုတ်ဝေစာ၊ မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့်စာစု၊ တိုင်းရင်းသားလူမျိုးများဆိုင်ရာ စာစု၊ လက်ရေးစာနှင့် ရှားပါးစာပေအနုပညာပစ္စည်းများအားလုံးကို ပြည့်စုံအောင်စုဆောင်း၍ အမျိုးသား စာပေစုအဖြစ် ထိန်းသိမ်းစောင့်ရှောက်ရန်လည်းကောင်း၊ အမျိုးသားစာကြည့်တိုက်၏ ရည်ရွယ်ချက် ပြည့်မီစေရန်လည်းကောင်း စာပေအနုပညာပစ္စည်းများ စုဆောင်းထိန်းသိမ်းရေး မူဝါဒကို ချမှတ်ခြင်း၊

(ဂ) အမျိုးသားစာကြည့်တိုက်ရှိ စာပေအနုပညာပစ္စည်းများကို အများပြည်သူက ပြည့်ပြည့်ဝဝ စနစ်တကျ အသုံးပြုနိုင်မည့် ဝန်ဆောင်မှုကို ဆောင်ရွက်ပေးခြင်းနှင့် စာကြည့်တိုက်အသုံးပြုမှု မြင့်မားလာရေး၊ စာဖတ်စွမ်းရည် မြင့်မားလာရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စာဖြန့်ဝန်ဆောင်မှု လုပ်ငန်းမူဝါဒကို ချမှတ်ခြင်း၊

(ဃ) အမျိုးသားစာကြည့်တိုက်တွင် စုဆောင်းရရှိသော စာပေအနုပညာပစ္စည်းများကိုစိစစ်၍ ရေရှည် တည်တံ့စွာ ထိန်းသိမ်းနိုင်ရန် စာပေအနုပညာပစ္စည်းများ ပြုပြင်ထိန်းသိမ်းရေးမူဝါဒကို ချမှတ်ခြင်း၊

(င) တစ်နည်းနည်းဖြင့် ပြင်ပသို့ ရောက်ရှိနေသော အမျိုးသားစာကြည့်တိုက်ပိုင် စာပေအနုပညာ ပစ္စည်းများကို ဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (ဂ) အရ ပြန်လည်ရယူထိန်းသိမ်းရန် စာကြည့်တိုက်မှူးအား လမ်းညွှန်ကြီးကြပ်ပေးခြင်း။

၄။ ကြီးကြပ်မှုအဖွဲ့သည် ဥပဒေပုဒ်မ ၅ နှင့် ပုဒ်မ ၆ တို့ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံး ဆောင်ရွက်ရာတွင်လည်းကောင်း၊ ဥပဒေပုဒ်မ ၉ နှင့် ပုဒ်မ ၁၀ တို့ပါ အမျိုးသားစာကြည့်တိုက်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးရာတွင်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့ အစည်းများ၊ ထုတ်ဝေသူများ၊ အခြားသင့်လျော်သော ပုဂ္ဂိုလ်များနှင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက် နိုင်သည်။

## အခန်း (၃)
## ကြီးကြပ်မှုအဖွဲ့ ဖွဲ့စည်းခြင်း

၅။ ဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (က) အရ ဝန်ကြီးဌာနက ဖွဲ့စည်းမည့် ကြီးကြပ်မှုအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်မည့် စာကြည့်တိုက်ပညာ ပြင်ပကျွမ်းကျင်သူသည် အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံ ရမည်-

(က) မြန်မာနိုင်ငံတွင် နေထိုင်သော မြန်မာနိုင်ငံသားဖြစ်သူ၊

(ခ) အကျင့်စာရိတ္တကောင်းမွန်သူ၊

(ဂ) စာကြည့်တိုက်ပညာရပ်၌ ကျွမ်းကျင်မှုရှိပြီး စာကြည့်တိုက်နှင့် ဆက်စပ်သည့် လုပ်ငန်းအတွေ့အကြုံ ရှိသူ၊

(ဃ) နိုင်ငံတကာစာကြည့်တိုက်များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သူ၊

(င) အသက် ၄၀ နှစ်ပြည့်ပြီးသူ၊

(စ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်ချမှတ်ခြင်း မခံရသူ။

၆။ (က) ကြီးကြပ်မှုအဖွဲ့၏ ပုံမှန်အစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံး နှစ်ကြိမ် ကျင်းပရမည်။

(ခ) လိုအပ်ပါက အထူးအစည်းအဝေး ခေါ်ယူကျင်းပနိုင်သည်။

(ဂ) ကြီးကြပ်မှုအဖွဲ့၏ အထူးအစည်းအဝေးကို ကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌကဖြစ်စေ၊ ကြီးကြပ်မှုအဖွဲ့ အဖွဲ့ဝင်ထက်ဝက်ကျော်၏ သဘောတူချက်ဖြင့်ဖြစ်စေ ကျင်းပရန် ဆုံးဖြတ်နိုင်သည်။

၇။ ဝန်ကြီးဌာနသည် ဥပဒေပုဒ်မ ၄ အရ ဖွဲ့စည်းခဲ့သော ကြီးကြပ်မှုအဖွဲ့၏ အဖွဲ့ဝင်ဖြစ်သည့် ဌာနဆိုင်ရာမှ စာကြည့်တိုက်ပညာ ကျွမ်းကျင်သူနှင့် စာကြည့်တိုက်ပညာ ပြင်ပကျွမ်းကျင်သူတစ်ဦးဦးကို အောက်ပါအကြောင်းအရာ တစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ တာဝန်မှ ရပ်စဲရမည်-

(က) အငြိမ်းစားယူခြင်း၊

(ခ) ဌာနပြောင်းရွှေ့တာဝန်ထမ်းဆောင်ရခြင်း၊

(ဂ) မိမိဆန္ဒအရ နုတ်ထွက်ခြင်း၊

(ဃ) ကွယ်လွန်ခြင်း၊

(င) ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ထောင်ဒဏ်ချမှတ်ခံရခြင်း၊

(စ) ကျန်းမာရေးချို့ယွင်းခြင်း၊

(ဆ) ပေးအပ်ထားသော တာဝန်များကို ထမ်းဆောင်နိုင်စွမ်းမရှိခြင်း။

၈။ ဝန်ကြီးဌာနသည် နည်းဥပဒေ ၇ အရ တာဝန်မှရပ်စဲခြင်းခံရသည့် ကြီးကြပ်မှုအဖွဲ့၏ အဖွဲ့ဝင်နေရာတွင် အစားထိုးခန့်အပ်မည်ဆိုပါက သင့်လျော်သည့်ပညာရှင်အားရွေးချယ်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အစားထိုးခန့်အပ်ရမည်။

## အခန်း (၄)

## စာကြည့်တိုက်မှူး၏ လုပ်ငန်းတာဝန်များ

၉။ စာကြည့်တိုက်မှူး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမျိုးသားစာကြည့်တိုက်၏ စီမံနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း၊ စာကြည့်တိုက် လုပ်ငန်းဆိုင်ရာနှင့် ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းကိုလည်းကောင်း မှန်ကန်တိကျမျှတစွာ စီမံခန့်ခွဲခြင်း၊

(ခ) စာကြည့်တိုက်လုပ်ငန်းနှင့် ဝန်ဆောင်မှုကို နိုင်ငံတကာစာကြည့်တိုက်များနှင့် တန်းတူဖြစ်စေရန် ပြည်တွင်း ပြည်ပစာကြည့်တိုက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) စာကြည့်တိုက်ပညာပြန့်ပွားရေးအတွက် စာကြည့်တိုက်နှင့်နည်းပညာဆိုင်ရာသင်တန်းစီစဉ်ပို့ချခြင်း၊ ပြင်ပဌာနများတွင် စာကြည့်တိုက်စီမံခန့်ခွဲရေးနှင့် ပညာရပ်ဆိုင်ရာအကြောင်းအရာများကို ဟောပြောပို့ချခြင်းနှင့် စာကြည့်တိုက်ပညာရပ်ဆိုင်ရာကိစ္စရပ်များကို အကူအညီပေးခြင်း၊

(ဃ) အမျိုးသားစာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သော ရန်ပုံငွေတောင်းခံခြင်း၊ ခွင့်ပြုရန်ပုံငွေကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျသုံးစွဲခြင်း၊

(င) တစ်နည်းနည်းဖြင့် ပြင်ပသို့ ရောက်ရှိနေသော အမျိုးသားစာကြည့်တိုက်ပိုင် စာပေအနုပညာပစ္စည်းများကို ဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (ဂ) အရ ကြီးကြပ်မှုအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ပြန်လည်ရယူထိန်းသိမ်းခြင်း၊

(စ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနက အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၅)

## စာပေအနုပညာပစ္စည်းများ ရယူစုဆောင်းခြင်းနှင့် ထိန်းသိမ်းခြင်း

၁၀။ အမျိုးသားစာကြည့်တိုက်သည် ပြည်တွင်းထုတ် ထုတ်ဝေစာ၊ မြန်မာနိုင်ငံနှင့်သက်ဆိုင်သည့် စာစု၊ တိုင်းရင်းသားလူမျိုးများဆိုင်ရာစာစု၊ လက်ရေးစာနှင့် ရှားပါးစာပေအနုပညာပစ္စည်းများကို ပြည်တွင်း ပြည်ပ သုတေသီနှင့် အများပြည်သူတစ်ရပ်လုံး ရည်ညွှန်းကိုးကား အသုံးပြုနိုင်ရန် စုဆောင်း၍ အမျိုးသားစာပေစု အဖြစ် ထိန်းသိမ်းစောင့်ရှောက်ရမည်။

၁၁။ အမျိုးသားစာကြည့်တိုက်က ရယူစုဆောင်းရမည့် စာပေအနုပညာပစ္စည်းများတွင် အောက်ပါတို့ ပါဝင်သည်-

(က) ပေစာ၊ ပုရပိုက်စာ၊ လက်ရေးစာ၊ လက်နှိပ်စက်မူ၊

( ခ ) စာအုပ်၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ လက်ကမ်းစာစောင်၊ မြေပုံနှင့် ပြည်တွင်း ပြည်ပမှ ပညာရပ် အမျိုးမျိုးနှင့် ဘာသာစကားအမျိုးမျိုးမှ အသိပညာဗဟုသုတ တိုးပွားစေနိုင်သည့်ပစ္စည်း၊ စာပေ ယဉ်ကျေးမှုနှင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ကို ထင်ဟပ်စေနိုင်သည့်ပစ္စည်း၊ ဉာဏ်ရည်ဉာဏ်သွေး နှင့် တီထွင်ဖန်တီးမှုစွမ်းရည်ကို မြင့်မားစေနိုင်သည့် စာပေအနုပညာပစ္စည်းများ၊

( ဂ ) မိုက်ကရိုဖလင်၊

(ဃ) ဂီတသင်္ကေတ၊ ဓာတ်ပုံ၊ ရုပ်ရှင်ဖလင်၊ ဓာတ်ပြား၊ ဗီဒီယိုနှင့် အသံသွင်းတိပ်ခွေ၊ စာရွက်၊ ဖလင်၊ အီလက်ထရွန်နစ်နှင့် အခြားပစ္စည်းများကို အသုံးပြု၍ မှတ်တမ်းတင်ထားသော ပစ္စည်း၊ ယင်းတို့ကို ပြန်လည်ပြုပြင် ထုတ်လုပ်ထားသောပစ္စည်းအပါအဝင် ပုံစံအမျိုးမျိုးဖြင့် ရေးသား၊ ပုံနှိပ်၊ ရေးထွင်း၊ ရေးဆွဲ၊ အသံသွင်းထားသော စာပေအနုပညာနှင့် သက်ဆိုင်သည့် ပစ္စည်း။

၁၂။ (က) အမျိုးသားစာကြည့်တိုက်သည် နိုင်ငံအတွင်း ထွက်ရှိသမျှ ပုံနှိပ်စာအုပ်စာတမ်း၊ လက်ရေးစာ၊ ပုံနှိပ်စာအုပ်မဟုတ်သော စာပေအနုပညာပစ္စည်းများကို စာပေအနုပညာပစ္စည်းများ စုဆောင်း ထိန်းသိမ်းရေးမူဝါဒနှင့်အညီ စုဆောင်းရမည်။

( ခ ) နည်းဥပဒေခွဲ (က) အရ စုဆောင်းရာတွင် လတ်တလော ထုတ်ဝေနေသော စာအုပ်များအပြင် ယခင်ထုတ်ဝေခဲ့သော ရှားပါးစာပေအနုပညာပစ္စည်းများကိုပါ စုဆောင်းထိန်းသိမ်းရမည်။

၁၃။ အမျိုးသားစာကြည့်တိုက်သည် ရှားပါးစာပေအနုပညာပစ္စည်းများကို ဝယ်ယူရာတွင် နိုင်ငံတော်နှင့် ပြည်သူများအတွက် အဖိုးတန်မှု၊ သုတေသီပညာရှင်များအတွက် အသုံးဝင်မှု၊ ပစ္စည်းကိုအစားထိုးမရနိုင်မှု၊ ပစ္စည်း၏ လက်ရာတန်ဖိုး၊ ပစ္စည်း၏သက်တမ်း စသည်တို့အပေါ် မူတည်၍ ကာလတန်ဖိုးနှင့် လျော်ညီစွာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ဝယ်ယူရမည်။

၁၄။ ရှားပါးစာပေအနုပညာပစ္စည်းများတွင် အဓိကအားဖြင့် အောက်ပါတို့ ပါဝင်သည်-

(က) မြန်မာနိုင်ငံနှင့်သက်ဆိုင်သော ဝယ်ယူရန်ခက်ခဲသည့် (ဈေးကွက်တွင် မရနိုင်သည့်) စာအုပ်နှင့် စာနယ်ဇင်း၊

( ခ ) မြေပုံ၊

( ဂ ) ထင်ရှားသော ပုဂ္ဂိုလ်တစ်ဦးဦးနှင့် သက်ဆိုင်သည့် စာပေအနုပညာပစ္စည်း၊

(ဃ) သက်တမ်းကြာမြင့်နေသော စာပေအနုပညာ ပစ္စည်းများဖြစ်သည့် စာအုပ်၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ လက်ကမ်းစာစောင်၊ ဂီတသင်္ကေတ၊ ဓာတ်ပုံ၊ ဓာတ်ပြား၊ ဗီဒီယိုနှင့် အသံသွင်းတိပ်ခွေ၊ စာရွက်၊ ဖလင် စသည်၊

( င ) မိုက်ကရိုဖလင်၊ ရုပ်ရှင်ဖလင်၊

( စ ) ထင်ရှားသော ပန်းချီ၊ ပန်းပု ပညာရှင်၏ လက်ရာ။

၁၅။ အမျိုးသားစာကြည့်တိုက်သည် နိုင်ငံတော်နှင့် သုတေသီများက အထောက်အထားအကိုးအကားအဖြစ် အသုံးပြုနိုင်ရန် ထင်ရှားသောပုဂ္ဂိုလ်များ၏ လက်ရေးစာ၊ သက်တမ်းကြာမြင့်နေသော လက်ရေးစာနှင့် လက်မှတ်ရေးထိုးထားသည့်မှတ်တမ်း စသည်တို့ကို ရယူစုဆောင်းထိန်းသိမ်းရမည်။

၁၆။ အမျိုးသားစာကြည့်တိုက်သည်-

(က) ပြည်တွင်း ပြည်ပမှ ဘာသာစကားအမျိုးမျိုးဖြင့် ရေးသားထုတ်ဝေထားသော မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့် စာပေအနုပညာပစ္စည်းများကို ရယူစုဆောင်းထိန်းသိမ်းရမည်။

( ခ ) အမျိုးသားယဉ်ကျေးမှု စာပေအမွေအနှစ်များဖြစ်သော ပေစာ၊ ပုရပိုက်စာ၊ စာစည်းကြိုး၊ ကျောက်စာကူး မိတ္တူ၊ စာချွန်၊ စာခွေ၊ စာတိုက်သေတ္တာ စသည့်ပစ္စည်းများနှင့် စာပေရေးသားထားသည့် သို့မဟုတ် ရေးထွင်းထားသည့် စာပေအနုပညာပစ္စည်းများကို ရယူစုဆောင်းထိန်းသိမ်းရမည်။

( ဂ ) နိုင်ငံတကာမှ ဘာသာစကားအမျိုးမျိုးဖြင့် ထုတ်ဝေသော အသိပညာဗဟုသုတတိုးပွားစေပြီး ဉာဏ်ရည်ဉာဏ်သွေးနှင့် တီထွင်ဖန်တီးမှုစွမ်းရည်ကို မြင့်မားစေနိုင်သည့် ရည်ညွှန်းစာအုပ်စာတမ်း ကိုလည်းကောင်း၊ သတ်မှတ်စံရှိသည့် အချက်အလက် (Database) ကို ကွန်ပျူတာစနစ်ဖြင့် စုစည်းထားပြီး ဒစ်ဂျစ်တယ်အသွင်ဖြင့် အသုံးပြုနိုင်ရန် ပြုလုပ်ထားသောစာအုပ် (e-book) အပါအဝင် စာပေအနုပညာပစ္စည်းကိုလည်းကောင်း ရယူစုဆောင်းထိန်းသိမ်းရမည်။

(ဃ) နည်းဥပဒေခွဲ (က)၊ (ခ) နှင့် (ဂ) တို့အရ ရယူစုဆောင်းရာတွင် အောက်ပါနည်းလမ်းများဖြင့်လည်း ဆောင်ရွက်နိုင်သည်-

(၁) ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဝယ်ယူခြင်း၊

(၂) နိုင်ငံတကာ၏ အမျိုးသားစာကြည့်တိုက်များနှင့် စာပေပစ္စည်းလဲလှယ်ရေး အစီအစဉ်ဖြင့် ရယူခြင်း၊

(၃) ပြည်တွင်း ပြည်ပမှ ထုတ်ဝေသူ သို့မဟုတ် အဖွဲ့အစည်းက လှူဒါန်း၍ ရရှိခြင်း။

၁၇။ (က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းအပါအဝင် ထုတ်ဝေသူသည် ယင်းတို့ထုတ်ဝေသည့် ပုံနှိပ်နှင့် ပုံနှိပ်မဟုတ်သော စာပေအနုပညာ ပစ္စည်းတစ်မျိုးစီ၏ ငါးအုပ်၊ ငါးစောင် သို့မဟုတ် ငါးခုကို ထုတ်ဝေသည့်နေ့မှ တစ်လအတွင်း အမျိုးသားစာကြည့်တိုက်သို့ စာပေအနုပညာပစ္စည်းပေးပို့ခြင်းပုံစံ (ပုံစံ-၁) ဖြင့် အခမဲ့ပေးပို့ရမည်။

( ခ ) အမျိုးသားစာကြည့်တိုက်သည် နည်းဥပဒေခွဲ (က) အရ ပေးပို့လာသည့် ပုံနှိပ်နှင့် ပုံနှိပ် မဟုတ်သော စာပေအနုပညာပစ္စည်းများကို လက်ခံရရှိပါက ယင်းသို့လက်ခံရရှိကြောင်းကို စာပေအနုပညာပစ္စည်း လက်ခံရရှိခြင်းပုံစံ (ပုံစံ-၂) ဖြင့် ပေးပို့သူထံ အကြောင်းပြန်ကြားရမည်။

၁၈။ ဥပဒေပုဒ်မ ၁၇ အရ ဝန်ကြီးဌာနသည် အမျိုးသားစာကြည့်တိုက်တွင် ထားရှိသင့်သည်ဟု ကြီးကြပ်မှုအဖွဲ့က သဘောတူဆုံးဖြတ်သော မည်သည့်စာပေအနုပညာပစ္စည်းကိုမဆို မူလပိုင်ရှင်၏ ခွင့်ပြုချက်ဖြင့် ကူးယူ၍ဖြစ်စေ၊ သင့်လျော်သောနှုန်းဖြင့် ဝယ်ယူ၍ဖြစ်စေ၊ အခမဲ့ဖြစ်စေ စုဆောင်းထိန်းသိမ်းနိုင်ရန် အမျိုးသားစာကြည့်တိုက်ကို တာဝန်ပေးအပ်နိုင်သည်။

၁၉။ စာကြည့်တိုက်မှူးသည် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် နှစ်စဉ်သတ်မှတ်ခွဲဝေချထားပေးသော ခွင့်ပြုရန်ပုံငွေဖြင့် စာပေအနုပညာပစ္စည်းများကို ဝယ်ယူစုဆောင်းရာတွင် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) ဝယ်ယူမည့် စာပေအနုပညာ ပစ္စည်းများအတွက် ရောင်းချသူထံမှ ဈေးနှုန်းတင်သွင်းလွှာရယူခြင်း သို့မဟုတ် စာအုပ်တိုက်များက ထုတ်ဝေသော စာအုပ်ကက်တလောက်ပါ ဈေးနှုန်းများကိုရယူခြင်း သို့မဟုတ် စာကြည့်တိုက်လုပ်ငန်းသုံးဆော့ဖ်ဝဲ (Library Management System Software) ကို အသုံးပြု၍ အွန်လိုင်း (Online) မှ ဆက်သွယ်၍ ဈေးနှုန်းများကို ရယူခြင်း၊

( ခ ) ဈေးနှုန်းတင်သွင်းလွှာ သို့မဟုတ် စာအုပ်ကက်တလောက် သို့မဟုတ် အွန်လိုင်း (Online) မှတစ်ဆင့် ရွေးချယ်၍ ဝယ်ယူမည့်စာအုပ်များကို စာရင်းပြုစုပြီး ဦးစီးဌာနသို့ ဝယ်ယူခွင့်တင်ပြခြင်း၊

( ဂ ) ဝယ်ယူခွင့်ရရှိပါက သက်ဆိုင်ရာ ရောင်းချသူ သို့မဟုတ် စာအုပ်တိုက်သို့မှာယူခြင်း၊

(ဃ) စာပေအနုပညာပစ္စည်းများ ရောက်ရှိပါက စစ်ဆေး၍ ငွေပေးချေခြင်း၊

( င ) သက်ဆိုင်ရာငွေစာရင်းခေါင်းစဉ်များအရ ငွေစာရင်းရှင်းတမ်းများ ပြုစုခြင်း။

၂၀။ (က) အမျိုးသားစာကြည့်တိုက်သည် နိုင်ငံတကာမှ အမျိုးသားစာကြည့်တိုက်များ၊ ပြည်တွင်း ပြည်ပမှ စာကြည့်တိုက်များ သို့မဟုတ် အဖွဲ့အစည်းများနှင့် စာစုများအပြန်အလှန် လဲလှယ်ခြင်းဖြင့် စာစုများကို ရယူစုဆောင်းထိန်းသိမ်းရမည်။

( ခ ) နည်းဥပဒေခွဲ (က) အရ စုဆောင်းရာတွင် နိုင်ငံတကာမှ အမျိုးသားစာကြည့်တိုက်များ၊ ပြည်တွင်း ပြည်ပမှ စာကြည့်တိုက်များ သို့မဟုတ် အဖွဲ့အစည်းများက တောင်းဆိုသော စာပေအနုပညာပစ္စည်းများကို သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ခွဲဝေချထားပေးသော ခွင့်ပြုရန်ပုံငွေမှ ဝယ်ယူ၍ ပေးပို့ရမည်။

၂၁။ အမျိုးသားစာကြည့်တိုက်သည် နည်းဥပဒေ ၂၀ နည်းဥပဒေခွဲ (က) အရ စုဆောင်းရာတွင် အောက်ပါ အခြေအနေဖြစ်ပေါ်နေသော စာပေအနုပညာပစ္စည်းများကို လက်ခံခြင်းမပြုရ-

(က) ခြ နှင့် အင်းဆက်ပိုးကိုက်၍ ပျက်စီးနေသော စာပေအနုပညာပစ္စည်းများ၊

( ခ ) အလွန်ဟောင်းနွမ်းစုတ်ပြဲနေပြီး နှစ်ကာလကြာမြင့်နေသော်လည်း အကြောင်းအရာအချက်အလက်သည် အမျိုးသားစာပေအမွေအနှစ်အဖြစ် ထိန်းသိမ်းရန် မသင့်လျော်သော စာပေအနုပညာပစ္စည်းများ၊

( ဂ ) ဟောင်းနွမ်းပြီး စာပေတန်ဖိုးအားဖြင့် မြင့်မားမှုမရှိသော၊ ပြန်လည်ပြုပြင်၍ သုံးစွဲရန် သင့်လျော်သော အခြေအနေမရှိသည့် လေ့ကျင့်ခန်းစာအုပ်ဟောင်း၊ ဖတ်စာအုပ်ဟောင်း၊ မျဉ်းသားရေးခြစ်ထားသော စာအုပ်၊ မဂ္ဂဇင်း (စာရေးဆရာ၏လက်မှတ်ပါရှိသော စာအုပ်စာတမ်းမပါဝင်)၊

(ဃ) ပြန်လည်အသုံးပြု၍မရသော စာပေအနုပညာပစ္စည်းများ (ဥပမာ-စီဒီ၊ ဒီဗီဒီ စသည်)။

၂၂။ အမျိုးသားစာကြည့်တိုက်သည် ဥပဒေပုဒ်မ ၁၃ အရ ရွေးချယ်သတ်မှတ်ထားသော စာပေနှင့် အနုပညာပစ္စည်းများကို စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ဒစ်ဂျစ်တယ်ပုံစံဖြင့် အသွင်ပြောင်းလဲ၍ အမျိုးသားစာကြည့်တိုက်တွင် ရေရှည်တည်တံ့စေရန် ထိန်းသိမ်းနိုင်သည်။

## အခန်း (၆)

## စာကြည့်တိုက်သုံး ကက်တလောက် ပြုစုခြင်း၊ စာရင်းသွင်းခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း

၂၃။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းအပါအဝင် ထုတ်ဝေသူသည် ပုံနှိပ်ထုတ်ဝေခြင်းမပြုလုပ်မီ စာကြည့်တိုက်သုံး ကက်တလောက်(Cataloguing In Publication–CIP) ပြုစုနိုင်ရန် စာပေအနုပညာပစ္စည်း၏ စာကြည့်တိုက်သုံး ကက်တလောက်အတွက် အချက်အလက် ပေးပို့ခြင်းပုံစံ (ပုံစံ–၃) တွင် အချက်အလက်များကိုဖြည့်သွင်း၍ အမျိုးသားစာကြည့်တိုက် (နေပြည်တော်) သို့ ကြိုတင်၍ ပေးပို့ရမည်။

၂၄။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းအပါအဝင် ထုတ်ဝေသူသည် နည်းဥပဒေ ၂၃ အရ ပေးပို့ရာတွင် အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ဝက်ဘ်ဆိုဒ် (Website) တွင် စာပေအနုပညာပစ္စည်း၏ စာကြည့်တိုက်သုံး ကက်တလောက်အတွက် အချက်အလက်ပေးပို့ခြင်းပုံစံ (ပုံစံ–၃) ကို ဖြည့်သွင်းခြင်းဖြင့်ဖြစ်စေ၊ အမျိုးသားစာကြည့်တိုက်များမှတစ်ဆင့် တစ်နည်းနည်းဖြင့် အမျိုးသား စာကြည့်တိုက် (နေပြည်တော်) သို့ ပေးပို့ခြင်းဖြင့်ဖြစ်စေ ဆောင်ရွက်နိုင်သည်။

၂၅။ (က) အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ၏ စာကြည့်တိုက်မှူးသည် နည်းဥပဒေ ၂၃ အရ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းအပါအဝင် ထုတ်ဝေသူက ပေးပို့လာသည့် အချက်အလက်များကို စာကြည့်တိုက်သုံးကက်တလောက် (Cataloguing In Publication–CIP) ပြုစုရာတွင် နိုင်ငံတကာသုံး စာကြည့်တိုက်ကက်တလောက် စည်းမျဉ်း များနှင့်အညီ ပြုစုရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ပြုစုရာတွင် အောက်ပါအချက်အလက်များဖြင့် ပြုစုနိုင်သည်–

(၁) နိုင်ငံတကာအသိအမှတ်ပြု စာအုပ်အမှတ် (International Standard Book Number–ISBN)၊

(၂) စာရေးသူ (များ) သို့မဟုတ် အခြားတာဝန်ရှိသူများ၊

(၃) စာအုပ်အမည်၊

(၄) ပညာရပ်ခေါင်းစဉ်၊

(၅) စာစဉ်အမည်၊

(၆) ဒွေဝီဒသမမျိုးတူစုအမှတ်။

၂၆။ စာကြည့်တိုက်သုံးကက်တလောက် (Cataloguing In Publication–CIP) ပြုစုရမည့်လုပ်ငန်းစဉ် များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) စာကြည့်တိုက်မှူးသည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းအပါအဝင် ထုတ်ဝေသူ ပေးပို့သည့်နေ့မှ အစိုးရရုံးဖွင့်ရက် ၁၀ ရက်အတွင်း စာပေအနုပညာပစ္စည်း၏ စာကြည့်တိုက်သုံးကက်တလောက် (Cataloguing In Publication–CIP) ကို ရေးသွင်းပြုစုရမည်။

(ခ) စာကြည့်တိုက်သုံးကက်တလောက် (Cataloguing In Publication–CIP) ကို ပြုစုနေစဉ်ကာလ အတွင်း အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းအပါအဝင် ထုတ်ဝေသူသည် စာအုပ်ပါအချက်အလက်များကို ဖြည့်သွင်းပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်းပြုလုပ်လိုပါက အမျိုးသား စာကြည့်တိုက် (နေပြည်တော်) သို့ တစ်နည်းနည်းဖြင့် အကြောင်းကြား၍ ပြင်ဆင်နိုင်သည်။

(ဂ) စာကြည့်တိုက်မှူးသည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းအပါအဝင် ထုတ်ဝေသူ ပေးပို့လာသည့် စာအုပ်ပါအချက်အလက်များဖြင့်ဖြစ်စေ၊ နည်းဥပဒေခွဲ (ခ) အရ ထပ်မံပြင်ဆင်ရေးသွင်းသည့် အချက်အလက်များဖြင့်ဖြစ်စေ စာကြည့်တိုက်သုံးကက်တလောက် (Cataloguing In Publication–CIP) ကို ပြုစုပြီးပါက အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ဝက်ဘ်ဆိုဒ် (Website) တွင် ဖော်ပြပေးရမည်။

(ဃ) စာကြည့်တိုက်မှူးသည် စာကြည့်တိုက်သုံးကက်တလောက် (Cataloguing In Publication–CIP) ကို စာကြည့်တိုက်သုံးကက်တလောက်အတွက် အချက်အလက်ပေးပို့ခြင်းပုံစံ (ပုံစံ–၃) တွင် ဖော်ပြပါရှိသည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းအပါအဝင် ထုတ်ဝေသူ၏ အီးမေးလ်သို့ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ပေးပို့ရမည်။

၂၇။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းအပါအဝင် ထုတ်ဝေသူသည် အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ကပေးပို့သောစာကြည့်တိုက်သုံးကက်တလောက် (Cataloguing In Publication–CIP) ကို မိမိပုံနှိပ်ထုတ်ဝေသော စာပေအနုပညာပစ္စည်းတွင် အောက်ပါအတိုင်းဖော်ပြရမည်–

(က) စာအုပ်အမည်ပါ စာမျက်နှာ၏ ကျောဘက် (Verso of title page) တွင် ဖော်ပြရမည်။

(ခ) "အမျိုးသားစာကြည့်တိုက်ကက်တလောက်"ဟု ခေါင်းစဉ်တပ်၍ ဖော်ပြရမည်။

(ဂ) စာအုပ်ဒီဇိုင်းအနေအထားအရ စာမျက်နှာ၏ လက်ဝဲဘက် သို့မဟုတ် အလယ်တွင် ဖော်ပြရမည်။

၂၈။ အမျိုးသားစာကြည့်တိုက်သည် စာကြည့်တိုက်သုံးကက်တလောက် (Cataloguing In Publication – CIP) တွင် ပါဝင်သော အချက်အလက်များကို ပြည်တွင်း ပြည်ပမှ အများပြည်သူအသုံးပြုနိုင်ရန် အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ဝက်ဘ်ဆိုဒ်(Website) မှတစ်ဆင့် လွှင့်တင်ရမည်။ ထိုကက်တလောက် အချက်အလက်များကို ဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ (ဂ) အရ စာပေအနုပညာပစ္စည်းများ၏ ပြည့်စုံသော အမျိုးသားစာစုစာရင်း (National Bibliography) ပြုစုရာတွင်လည်း အသုံးပြုနိုင်သည်။

၂၉။ အမျိုးသားစာကြည့်တိုက်သည် အမျိုးသားစာကြည့်တိုက်ပိုင် စာပေအနုပညာပစ္စည်းများကို ဒစ်ဂျစ်တယ်ပုံစံဖြင့် အသွင်ပြောင်းလဲ၍ စာပေနှင့် အနုပညာ မူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အများပြည်သူလေ့လာနိုင်စေရန် အမျိုးသားစာကြည့်တိုက်များ၏ ဝက်ဘ်ဆိုဒ် (Website) များတွင် လွှင့်တင်ပေးရမည်။

၃၀။ အမျိုးသားစာကြည့်တိုက်သည် ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က) မှအပ အခြားနည်းလမ်းဖြင့် ရယူစုဆောင်းထားသော စာပေအနုပညာပစ္စည်းများကို သက်ဆိုင်ရာ အမျိုးသားစာကြည့်တိုက်၏ စာဖတ်ခန်းများတွင် စာဖတ်သူကို ဝန်ဆောင်မှုပေးနိုင်ရန် ခွဲခြားထားရှိရမည်။

၃၁။ အမျိုးသားစာကြည့်တိုက်သည် ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ (ဇ) အရ ပြည်တွင်း၌ ထုတ်ဝေမည့် စာပေအနုပညာပစ္စည်းများအတွက် စာကြည့်တိုက်သုံးကက်တလောက် (Cataloguing In Publication – CIP) ပြုစုပေးခြင်းကို ထုတ်ဝေသူအတွက် အခမဲ့ဆောင်ရွက်ပေးရမည်။

၃၂။ စာကြည့်တိုက်မှူးသည် ထုတ်ဝေသူက ပေးပို့သော စာပေအနုပညာပစ္စည်းကို လက်ခံရရှိသည့်အခါ စာကြည့်တိုက်သုံးကက်တလောက် (Cataloguing In Publication – CIP) တွင် လိုအပ်သည့် အသေးစိတ်အချက်အလက်များအား ထပ်မံဖြည့်စွက်ပြင်ဆင်ပြီး အမျိုးသားစာကြည့်တိုက်၏ကွန်ပျူတာစနစ်သုံး စာကြည့်တိုက်ကက်တလောက် (Online Public Access Catalogue – OPAC) ကက်တလောက် မှတ်တမ်းတွင် ထည့်သွင်းရမည်။

## အခန်း (၇)
## စာပေအနုပညာပစ္စည်းများကို စီမံခန့်ခွဲခြင်း

၃၃။ အမျိုးသားစာကြည့်တိုက်သည် ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က) အရ ရယူစုဆောင်းထားသော ပြည်တွင်းထုတ် စာပေအနုပညာပစ္စည်းများကို အောက်ပါအရေအတွက်အတိုင်း အမြဲတမ်းထိန်းသိမ်းထားသော စာစု (Permanent Retention) အဖြစ် ထားရှိရမည်–

(က) အမျိုးသားစာပေစုအမွေအနှစ် (National Literary Heritage) အဖြစ် အမျိုးသားစာကြည့်တိုက် (နေပြည်တော်) တွင် တစ်အုပ်၊ တစ်စောင်၊ တစ်ခု၊

( ခ ) အမျိုးသားစာကြည့်တိုက် (နေပြည်တော်) စာဖတ်ခန်းတွင် နှစ်အုပ်၊ နှစ်စောင်၊ နှစ်ခု၊

( ဂ ) အမျိုးသားစာကြည့်တိုက် (ရန်ကုန်) စာဖတ်ခန်းတွင် နှစ်အုပ်၊ နှစ်စောင်၊ နှစ်ခု။

၃၄။ အမျိုးသားစာကြည့်တိုက်သည် မြန်မာနိုင်ငံအမျိုးသားစာပေစုအမွေအနှစ်အဖြစ် သတ်မှတ်၍ အမြဲတမ်းထိန်းသိမ်းထားသောစာစု (Permanent Retention) ကို သီးခြားထားရှိပြီး ကျန်စာစုကို စာဖြန့်ဝန်ဆောင်မှုလုပ်ငန်းမူဝါဒနှင့်အညီ စီမံခန့်ခွဲရမည်။

၃၅။ အမျိုးသားစာကြည့်တိုက်တွင် စုဆောင်းရရှိသော စာပေအနုပညာပစ္စည်းများကို စာပေအနုပညာပစ္စည်းများ ပြုပြင်ထိန်းသိမ်းရေးမူဝါဒနှင့်အညီ စိစစ်၍ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းရမည်။

၃၆။ အမျိုးသားစာကြည့်တိုက်သည် ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က) အရလည်းကောင်း၊ အခြားနည်းလမ်းဖြင့်လည်းကောင်း စုဆောင်းရရှိသော စာပေအနုပညာပစ္စည်းများကို သက်ဆိုင်ရာ တိုက်ပိုင်မှတ်ပုံတင်စာအုပ်တွင် စာပေအနုပညာပစ္စည်းအမျိုးအစားအလိုက် စာရင်းရေးသွင်းရမည်။

၃၇။ အမျိုးသားစာကြည့်တိုက်သည် အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးသွားသော စာပေအနုပညာပစ္စည်းများကို ကြီးကြပ်မှုအဖွဲ့မှတစ်ဆင့် အကျိုးအကြောင်းခိုင်လုံစွာတင်ပြပြီး ဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ စာကြည့်တိုက်၏ တိုက်ပိုင်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်သည်။ ထိုသို့ ပယ်ဖျက်ပြီးကြောင်းကို မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းဖော်ပြရမည်။

## အခန်း (၈)
## စီမံခန့်ခွဲမှုပြစ်ဒဏ်စီရင်ခြင်းခံရပြီး စာပေအနုပညာပစ္စည်း ပေးပို့ခြင်း

၃၈။ ကြီးကြပ်မှုအဖွဲ့သည် ဥပဒေပုဒ်မ ၁၅ ပုဒ်မခွဲ (ဂ) အရ ဒဏ်ကြေးငွေပေးဆောင်ပြီးသည့် အစိုးရမဟုတ်သော အဖွဲ့အစည်း သို့မဟုတ် ထုတ်ဝေသူထံ ၎င်းပေးပို့ရန် ပျက်ကွက်သည့် စာပေအနုပညာပစ္စည်းကို မူလအတိုင်းဖြစ်စေ၊ ပြန်လည်ပုံနှိပ်ထုတ်ဝေ၍ဖြစ်စေ သတ်မှတ်သည့် အရေအတွက်အတိုင်းပေးပို့ရန် အမျိုးသားစာကြည့်တိုက်ဥပဒေအရ စာအုပ်/စာနယ်ဇင်း/အခြားစာပေအနုပညာပစ္စည်းများပေးပို့ရန် နှိုးဆော်ခြင်းပုံစံ (ပုံစံ–၄) ဖြင့် အကြောင်းကြားရမည်။ ပထမအကြိမ် အကြောင်းကြားသော်လည်း ပေးပို့ခြင်း မရှိပါက ဒုတိယအကြိမ်ထပ်မံ အကြောင်းကြားရမည်။

၃၉။ အစိုးရမဟုတ်သော အဖွဲ့အစည်း သို့မဟုတ် ထုတ်ဝေသူသည် နည်းဥပဒေ ၃၈ အရ အကြောင်းကြားလျှင် ၎င်းပေးပို့ရန် ပျက်ကွက်သည့် စာပေအနုပညာပစ္စည်းကို မူလအတိုင်းဖြစ်စေ၊ ပြန်လည်ပုံနှိပ်၍ဖြစ်စေ သတ်မှတ်သည့် အရေအတွက်အတိုင်း အမျိုးသားစာကြည့်တိုက်သို့ ပေးပို့ရမည်။

၄၀။ (က) ကြီးကြပ်မှုအဖွဲ့သည် ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က) အရ စာပေအနုပညာပစ္စည်းများကို ပေးပို့ရန်ပျက်ကွက်သည့် အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းထံသို့ အကြောင်းကြားစာ သုံးကြိမ် ပေးပို့ရမည်။

(ခ) အထက်ပါ နည်းဥပဒေခွဲ (က) အရ အသိပေးအကြောင်းကြားစာ သုံးကြိမ်ပေးပို့သော်လည်း ပျက်ကွက်ခဲ့ပါက ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

## အခန်း (၉)

## အထွေထွေ

၄၁။ ကြီးကြပ်မှုအဖွဲ့သည် ဥပဒေပုဒ်မ ၁၅ နှင့်အညီ ဒဏ်ကြေးငွေပေးဆောင်ရန် ချမှတ်သည့်နေ့မှ တစ်လအတွင်း ပေးသွင်းရန်ပျက်ကွက်သူအား သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ ဆက်လက် အရေးယူဆောင်ရွက်စေရန် ဦးစီးဌာနမှ ဦးစီးအရာရှိ ရာထူးအောက်မနိမ့်သည့် သင့်လျော်သူတစ်ဦးအား တာဝန်ပေးရမည်။

ဦးကိုကို
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

**ပုံစံ (၁)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန
အမျိုးသားစာကြည့်တိုက်
**စာပေအနုပညာပစ္စည်းများပေးပို့ခြင်း**
[နည်းဥပဒေ ၁၇ (က)]

အောက်ပါပုံစံတွင် သက်ဆိုင်သောအပိုင်းကို တိကျမှန်ကန်စွာ ဖြည့်သွင်းပါ။

| | | | |
|---|---|---|---|
| စာပေအနုပညာပစ္စည်း၏အမည်<br>(စာအုပ်အမည်/စာနယ်ဇင်းအမည်စသည်) | | | |
| စာရေးသူအမည်/အဖွဲ့အစည်းအမည် (ရှိလျှင်ဖော်ပြရန်)<br>(ပါရှိပါက စာအုပ်အမည်ပါ စာမျက်နှာတွင် ဖော်ပြထားသည့် အတိုင်း ဖော်ပြရန်) | | *မွေးဖွားခုနှစ် | |
| အခြားတာဝန်ရှိသူများ၏အမည်များ (ရှိလျှင်ဖော်ပြရန်)<br>(ပူးတွဲစာရေးသူ (များ)၊ သရုပ်ဖော်ရေးဆွဲသူ၊ တည်းဖြတ်သူ၊ ဘာသာပြန်သူ၊ အယ်ဒီတာ၊ စုဆောင်းသူ......စသည်) | | *မွေးဖွားခုနှစ် | |

*မွေးဖွားခုနှစ်မှာ အမည်တူစာရေးသူများကို ခွဲခြားရန်အတွက် အသုံးပြုသည်။

| | | |
|---|---|---|
| ထုတ်ဝေသူအမည် | | |
| စာပေတိုက်အမည်/ထုတ်ဝေသည့် အဖွဲ့အစည်းအမည် (ရှိလျှင်ဖော်ပြရန်) | | |
| ထုတ်ဝေသူ၏ ဆက်သွယ်ရန်လိပ်စာ | | |
| ထုတ်ဝေသူ၏ အီးမေးလ်လိပ်စာ | | |
| ထုတ်ဝေသူ၏ တယ်လီဖုန်းနံပါတ် | | |
| အခြားဆက်သွယ်ရန်အချက်အလက်များ | | |
| ထုတ်ဝေသည့် ခုနှစ်၊ လ | | |
| စာပေအနုပညာပစ္စည်းအမျိုးအစား (စာအုပ်/စာနယ်ဇင်း/သီချင်းခွေ/....စသည်) | | |
| ပေးပို့သည့်ပုံစံ | CD/DVD/Video ☐ | ပုံနှိပ်ပုံစံ (print) ☐ |
| | ဒစ်ဂျစ်တယ်ပုံစံ (e-format) ☐ | |
| ဒစ်ဂျစ်တယ်ပုံစံဖြစ်ပါက | PDF/MP 3/MP 4/Other | -------------------- |
| စာပေအနုပညာပစ္စည်း၏တန်ဖိုး | | |
| ထုတ်ဝေသည့်အကြိမ် (စာအုပ်ဖြစ်ပါက) | | |
| အတွဲ၊ အမှတ် (စာနယ်ဇင်းဖြစ်ပါက) | | |
| ပေးပို့သည့်အရေအတွက် | | |
| ပေးပို့သည့်ရက်စွဲ | | |
| ပေးပို့သည့်အကြောင်းအရာ | အဖိုးအခလွတ်ပေးပို့ခြင်း | ☐ |
| စာပေအနုပညာပစ္စည်း၏ အရှည်အသွေး (အသေးစိတ်ဖော်ပြရန်) | | |

**မျက်နှာဖုံးပုံ**

☐

ထုတ်ဝေသည့် စာပေအနုပညာပစ္စည်း၏ မျက်နှာဖုံးပုံကို PDF or JPG ဖြင့် အီးမေးလ်လိပ်စာ -------------- သို့ ပေးပို့ပါ။

**ပေးပို့ရန်လိပ်စာ**

| ပုံနှိပ်နှင့် ကိုင်တွယ်နိုင်သောစာပေအနုပညာပစ္စည်းများ | ဒစ်ဂျစ်တယ်စာပေအနုပညာပစ္စည်းများ |
|---|---|
| အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရာဇသင်္ဂဟလမ်း၊ ကုမုဒြာကြာပန်းအဝိုင်းအနီး၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | Email: |

ပုံစံ (၂)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန
အမျိုးသားစာကြည့်တိုက်

**စာပေအနုပညာပစ္စည်းများလက်ခံရရှိကြောင်းပြန်ကြားခြင်း**

[နည်းဥပဒေ ၁၇ (ခ)]

အမျိုးသားစာကြည့်တိုက်က အောက်ပါစာပေအနုပညာပစ္စည်းကို လက်ခံရရှိပါသည်-

| | | |
|---|---|---|
| စာပေအနုပညာပစ္စည်း၏အမည်<br>(စာအုပ်အမည်/စာနယ်ဇင်းအမည်စသည်) | | |
| စာရေးသူအမည်/အဖွဲ့အစည်းအမည်(ရှိလျှင်ဖော်ပြရန်)<br>(ပါရှိပါက စာအုပ်အမည်ပါ စာမျက်နှာတွင် ဖော်ပြထားသည့် အတိုင်း ဖော်ပြရန်) | | မွေးဖွားခုနှစ် |
| အခြားတာဝန်ရှိသူများ၏အမည်များ (ရှိလျှင်ဖော်ပြရန်)<br>(ပူးတွဲစာရေးသူ (များ)၊ သရုပ်ဖော်ရေးဆွဲသူ၊ တည်းဖြတ်သူ၊ ဘာသာပြန်သူ၊ အယ်ဒီတာ၊ စုဆောင်းသူ......စသည်) | | မွေးဖွားခုနှစ် |
| ထုတ်ဝေသူအမည် | | |
| ထုတ်ဝေသူ၏ ဆက်သွယ်ရန်လိပ်စာ | | |
| ထုတ်ဝေသူ၏ အီးမေးလ်လိပ်စာ | | |
| ထုတ်ဝေသူ၏ တယ်လီဖုန်းနံပါတ် | | |
| အခြားဆက်သွယ်ရန်အချက်အလက်များ | | |
| ထုတ်ဝေသည့် ခုနှစ်၊ လ | | |
| စာပေအနုပညာပစ္စည်းအမျိုးအစား (စာအုပ်/စာနယ်ဇင်း/အသံသွင်းတိပ်ခွေ/....စသည်) | | |
| ပေးပို့သည့်ပုံစံ | CD/DVD/Video ☐ | ပုံနှိပ်ပုံစံ (print) ☐ |
| | ဒစ်ဂျစ်တယ်ပုံစံ (e-format) ☐ | |
| ဒစ်ဂျစ်တယ်ပုံစံဖြစ်ပါက | PDF/MP 3/MP 4/Other | --------------- |
| စာပေအနုပညာပစ္စည်း၏တန်ဖိုး | | |
| ထုတ်ဝေသည့်အကြိမ် (စာအုပ်ဖြစ်ပါက) | | |
| အတွဲ၊ အမှတ် (စာနယ်ဇင်းဖြစ်ပါက) | | |
| ပေးပို့သည့်အရေအတွက် | | |
| ပေးပို့သည့် ရက်စွဲ | | |
| ပေးပို့သည့်အကြောင်းအရာ | အဖိုးအခလွတ်ပေးပို့ခြင်း | ☐ |
| စာပေအနုပညာပစ္စည်း၏ အရည်အသွေး<br>(အသေးစိတ်ဖော်ပြရန်) | | |

**မျက်နှာဖုံးပုံ**

☐

(လက်မှတ်)
စာကြည့်တိုက်မှူး

**ပုံစံ (၃)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန
အမျိုးသားစာကြည့်တိုက်

**စာပေအနုပညာပစ္စည်း၏ စာကြည့်တိုက်သုံးကက်တလောက်အတွက်အချက်အလက်ပေးပို့ခြင်း**

[နည်းဥပဒေ ၂၃]

<table>
<tr><td>စာအုပ်အမည်</td><td colspan="3"></td></tr>
<tr><td>စာရေးသူအမည်/အဖွဲ့အစည်းအမည်<br>(စာအုပ်အမည်ပါ စာမျက်နှာတွင် ဖော်ပြထားသည့်အတိုင်း ဖော်ပြရန်)</td><td></td><td>*မွေးဖွားခုနှစ်</td><td></td></tr>
<tr><td>အခြားတာဝန်ရှိသူများ၏အမည်များ<br>(ပူးတွဲစာရေးသူ (များ)၊ သရုပ်ဖော်ရေးဆွဲသူ၊ တည်းဖြတ်သူ၊ ဘာသာပြန်သူ၊ အယ်ဒီတာ၊ စုဆောင်းသူ......စသည်)</td><td></td><td>*မွေးဖွားခုနှစ်</td><td></td></tr>
<tr><td colspan="4">*မွေးဖွားခုနှစ်မှာ အမည်တူစာရေးသူများကို ခွဲခြားရန်အတွက် အသုံးပြုသည်။</td></tr>
</table>

<table>
<tr><td>ထုတ်ဝေသူအမည်</td><td colspan="2"></td></tr>
<tr><td>စာပေတိုက်အမည်/ထုတ်ဝေသည့်<br>အဖွဲ့အစည်းအမည် (ရှိလျှင်ဖော်ပြရန်)</td><td colspan="2"></td></tr>
<tr><td>ထုတ်ဝေသူ၏ ဆက်သွယ်ရန်လိပ်စာ</td><td colspan="2"></td></tr>
<tr><td>ထုတ်ဝေသူ၏ အီးမေးလ်လိပ်စာ</td><td colspan="2"></td></tr>
<tr><td>ထုတ်ဝေသူ၏ တယ်လီဖုန်းနံပါတ်</td><td colspan="2"></td></tr>
<tr><td>အခြားဆက်သွယ်ရန်အချက်အလက်များ</td><td colspan="2"></td></tr>
<tr><td>ထုတ်ဝေသည့် ခုနှစ်၊ လ</td><td colspan="2"></td></tr>
<tr><td>အမျိုးသားစာကြည့်တိုက်သို့ အချက်အလက်ပေးပို့သည့်ပုံစံ</td><td>CD/DVD ☐</td><td>ပုံနှိပ်ပုံစံ (print) ☐</td></tr>
<tr><td></td><td>ဒစ်ဂျစ်တယ်ပုံစံ (e-format) ☐</td><td></td></tr>
<tr><td>ဒစ်ဂျစ်တယ်ပုံစံဖြစ်ပါက</td><td>PDF/Word/Other</td><td>----------------</td></tr>
<tr><td>စာပေအနုပညာပစ္စည်း၏တန်ဖိုး</td><td colspan="2"></td></tr>
</table>

| | | |
|---|---|---|
| *မွေးဖွားခုနှစ်မှာ အမည်တူစာရေးသူများကို ခွဲခြားရန်အတွက် အသုံးပြုသည်။ | | |
| ထုတ်ဝေသူအမည် | ☐ | |
| စာပေတိုက်အမည်/ထုတ်ဝေသည့် အဖွဲ့အစည်းအမည် (ရှိလျှင်ဖော်ပြရန်) | ☐ ☐ | |
| ထုတ်ဝေသူ၏ ဆက်သွယ်ရန်လိပ်စာ | ☐ | |
| ထုတ်ဝေသူ၏ အီးမေးလ်လိပ်စာ | ☐ | |
| ထုတ်ဝေသူ၏ တယ်လီဖုန်းနံပါတ် | ☐ | |
| အခြားဆက်သွယ်ရန်အချက်အလက်များ | | |
| ထုတ်ဝေသည့် ခုနှစ်၊ လ | | |
| အမျိုးသားစာကြည့်တိုက်သို့ အချက်အလက်ပေးပို့သည့်ပုံစံ | CD/DVD ☐ | ပုံနှိပ်ပုံစံ (print) |
| | ဒစ်ဂျစ်တယ်ပုံစံ (e–format) | |
| ဒစ်ဂျစ်တယ်ပုံစံဖြစ်ပါက | PDF/Word/Other | ---------------- |
| စာပေအနုပညာပစ္စည်း၏တန်ဖိုး | | |

**မျက်နှာဖုံးပုံ**

ထုတ်ဝေသည့် စာပေအနုပညာပစ္စည်း၏ မျက်နှာဖုံးပုံကို PDF OR JPG ဖြင့် အီးမေးလ်လိပ်စာ ------------- သို့ ပေးပို့ပါ။

ပေးပို့သည့်ရက်စွဲ-------------------

ပုံစံ (၄)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန
အမျိုးသားစာကြည့်တိုက်

**အမျိုးသားစာကြည့်တိုက်ဥပဒေအရစာအုပ်/စာနယ်ဇင်း/အခြားစာပေအနုပညာပစ္စည်းများပေးပို့ရန် နိုးဆော်ခြင်းပုံစံ**

[နည်းဥပဒေ ၃၈]

"--------------------------------------" သည် အမျိုးသားစာကြည့်တိုက်ဥပဒေအရ အဖိုးအခလွတ်ပေးပို့ခြင်း အတွက် အောက်ပါစာအုပ်/စာနယ်ဇင်း/အခြားစာပေအနုပညာပစ္စည်းများကို ပေးပို့ရန် နောက်ကျနေပါ၍ အမျိုးသား စာကြည့်တိုက်သို့ အမြန်ဆုံးပေးပို့ပါရန် "-----------------------------" နိုးဆော်ပါသည်။

| | | | |
|---|---|---|---|
| စာပေအနုပညာပစ္စည်း၏အမည် (စာအုပ်အမည်/စာနယ်ဇင်းအမည်စသည်) | | | |
| စာရေးသူအမည်/အဖွဲ့အစည်းအမည်(ရှိလျှင်ဖော်ပြရန်) (ပါရှိပါက စာအုပ်အမည်ပါ စာမျက်နှာတွင် ဖော်ပြထားသည့် အတိုင်း ဖော်ပြရန်) | | မွေးဖွားခုနှစ် | |
| အခြားတာဝန်ရှိသူများ၏အမည်များ (ရှိလျှင်ဖော်ပြရန်) (ပူးတွဲစာရေးသူ (များ)၊ သရုပ်ဖော်ရေးဆွဲသူ၊ တည်းဖြတ်သူ၊ ဘာသာပြန်သူ၊ အယ်ဒီတာ၊ စုဆောင်းသူ......စသည်) | | မွေးဖွားခုနှစ် | |
| ထုတ်ဝေသူအမည် | | | |
| ထုတ်ဝေသူ၏ ဆက်သွယ်ရန်လိပ်စာ | | | |
| ထုတ်ဝေသူ၏ အီးမေးလ်လိပ်စာ | | | |
| ထုတ်ဝေသူ၏ တယ်လီဖုန်းနံပါတ် | | | |
| အခြားဆက်သွယ်ရန်အချက်အလက်များ | | | |
| ထုတ်ဝေသည့် ခုနှစ်၊ လ | | | |
| စာပေအနုပညာပစ္စည်းအမျိုးအစား (စာအုပ်/စာနယ်ဇင်း/ အသံသွင်းတိပ်ခွေ/....စသည်) | | | |
| စာပေအနုပညာပစ္စည်း၏တန်ဖိုး | | | |
| ထုတ်ဝေသည့်အကြိမ် (စာအုပ်ဖြစ်ပါက) | | | |
| အတွဲ၊ အမှတ် (စာနယ်ဇင်းဖြစ်ပါက) | | | |

**မျက်နှာဖုံးပုံ**

(လက်မှတ်)
အတွင်းရေးမှူး
ကြီးကြပ်မှုအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၇၁/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်

(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်စွဲပါ စာအမှတ်၊ ၉၆၅၉/၅-၁၅၀/အဖရ (ရှမ်း) ညှိနှိုင်းချက်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်စွဲပါ စာအမှတ်၊ ပထရ/၂-၁/၂-၃ (၁၁၅၇)/၂၀၂၂ ပါ အတည်ပြုချက်အရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ ရပ်စောက်မြို့နယ်နှင့် ကလောခရိုင်၊ ကလောမြို့နယ်အတွင်းရှိ မြို့မြေ၊ ကျေးရွာမြေများအားတိုင်းတာခြင်းလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန် ၂၀၁၉ ခုနှစ်၊ **နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေ အခန်း (၄)၊ ပုဒ်မ (၇)၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်တို့အရ** အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ **မြို့နယ်အုပ်ချုပ်ရေးမှူးများ** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သက်ဆိုင်ရာ **မြို့နယ်ဦးစီးမှူးများ** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးခန့်အပ်လိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၈၀/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်

(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်စွဲပါ စာအမှတ်၊ ၂/၃-၃/၇ ဦး ၆ (၃၁၃၈) ပါ ညှိနှိုင်းချက်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်စွဲပါ စာအမှတ်၊ ပထရ/၂-၁/၂-၃ (၁၁၅၇)/၂၀၂၂ ပါ အတည်ပြုချက်တို့အရ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့အား တိုးချဲ့ဖွဲ့စည်းခဲ့သည့် ရပ်ကွက်ကြီး (၁၁) ကွက်၏ ဧရိယာခွဲခြားမှု မြေအမျိုးအစား အလိုက် (လယ်မြေ/ယာမြေ/ပလပ်မြေ/သစ်တောမြေ) စသည်တို့တွင် ပါဝင်သည့် ဧရိယာအသေးစိတ် တိုင်းတာ/ပုံထုတ်/တွက်ချက်ပြီး မြို့မြေကွက်တိုင်းတာခြင်းလုပ်ငန်းများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန်အတွက် ၂၀၁၉ ခုနှစ်၊ **နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေ အခန်း (၄)၊ ပုဒ်မ (၇)၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်တို့အရ** အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သက်ဆိုင်ရာ **မြို့နယ်ဦးစီးမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေး ခန့်အပ်လိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၈၁/၂၀၂၂)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်စွဲပါ စာအမှတ်၊ ၃/၆-၃/(၁၁)/(၉၆၄) မူဝါဒပါ ညှိနှိုင်းချက်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်စွဲပါ စာအမှတ်၊ ပထရ/၂-၁/၂-၃ (၁၁၅၇)/၂၀၂၂ ပါ အတည်ပြုချက်တို့အရ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်၊ ဗန်းမောက်မြို့၊ အောင်သာကုန်းရပ်ကွက် အကွက်ပေါင်း (၅) ရပ်ကွက်၊ ကွင်းရှိရေိယာ (၁၂၅.၉၁) ဧက၊ လက်ရှိ (၁၁၅.၉၁) ဧကကို မြို့မြေတိုင်းတာခြင်းလုပ်ငန်းများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၉ ခုနှစ်၊ **နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေ အခန်း (၄)၊ ပုဒ်မ (၇)၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်တို့အရ** အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သက်ဆိုင်ရာ **မြို့နယ်ဦးစီးမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးခန့်အပ်လိုက်သည်။

တင်ထွဋ်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်
(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်)

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၂၂) ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ ရှာဖွေကယ်ဆယ်ရေးယာဉ် (၁) စီး၊ မီးငြိမ်းသတ်ယာဉ် (၂) စီး၊ မီးသတ်ရေသယ်ယာဉ် (၁) စီး စုစုပေါင်း (၄) စီးကို ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ အဆိုပါယာဉ်များသည် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူထားသော ယာဉ်များဖြစ်ခြင်း၊ တင်သွင်းယာဉ်များသည် မီးသတ်ယာဉ်များဖြစ်ခြင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ကုန်သွယ်လုပ်ငန်းခွန်နှင့် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားခြင်း၊ ဌာနမှ ထုတ်ပြန်ထားသော မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေ၊ ရုံးအမိန့်၊ ညွှန်ကြားချက်များအရ ပြည်ပတင်သွင်း ယာဉ်မှတ်ပုံတင်ခ၊ ကနဦးမှတ်ပုံတင်ခနှင့် ယာဉ်ထုတ်ရက်လွန်ဒဏ်ကြေးတို့ကို ကင်းလွတ်ခွင့်ပြုနိုင်ခြင်းတို့ကြောင့် ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်

မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၂ အရ ဖောင်းကြွနံပါတ်ပြားခမှအပ ယာဉ်မှတ်ပုံတင်လုပ်ငန်းနှင့် ပတ်သက်သည့် အခငွေများကို ကင်းလွတ်ခွင့်ပြုလိုက်သည်-

(က) ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆ လ) ဘဏ္ဍာရေးနှစ်တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ကချင်ပြည်နယ် အတွင်း အများပြည်သူများ၏ အကျိုးစီးပွားနှင့် အသက်ဘေးအန္တရာယ်များကိုရည်ရွယ်၍ မီးငြိမ်းသတ်ရေး လုပ်ငန်းနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် Timeless Myanmar Co.,Ltd မှ တင်ဒါအောင်မြင်၍ ပြည်ပမှ ဝယ်ယူတင်သွင်းခဲ့သည့် အမျိုးအမည်- Howo Sino Truck CNHTC, အမျိုးအစား-Fire Fighting Rescue Truck (4x2) L With Crane, 2021 Model, 2S-9201, ရှာဖွေကယ်ဆယ်ရေးယာဉ် (၁) စီး၊

(ခ) ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆ လ) ဘဏ္ဍာရေးနှစ်တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ကချင်ပြည်နယ် အတွင်း အများပြည်သူများ၏ အကျိုးစီးပွားနှင့် အသက်ဘေးအန္တရာယ်များကိုရည်ရွယ်၍ မီးငြိမ်းသတ်ရေး လုပ်ငန်းနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် 5&2 Co.,Ltd မှ တင်ဒါ အောင်မြင်၍ ပြည်ပမှဝယ်ယူတင်သွင်းခဲ့သည့် အမျိုးအမည် - Foton Aumark, အမျိုးအစား-Fire Fighting Truck (Water Tank) (4x2)L, 2020 Model,2S-8842, မီးငြိမ်းသတ်ယာဉ် (၁) စီး၊

(ဂ) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ၂၀၂၁-၂၀၂၂ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးလက်အောက်ရှိ ရှမ်းပြည်နယ်အတွင်းမှ ခရိုင်/မြို့နယ် မီးသတ်စခန်းများတွင် မီးငြိမ်းသတ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် Timeless Myanmar Co.,Ltd မှ တင်ဒါအောင်မြင်၍ ပြည်ပမှဝယ်ယူတင်သွင်းခဲ့သည့် အမျိုးအမည် - Sino Howo Truck CNHTC, အမျိုးအစား-Fire Fighting Water Truck (4x2) L, 2021 Model, 2S-9179, မီးသတ်ရေသယ်ယာဉ် (၁) စီးနှင့် အမျိုးအမည်-Sino Howo CNHTC, အမျိုးအစား-Fire Fighting Truck (4x2) L, Double Cab, 2021 Model, 2S-9187,မီးငြိမ်းသတ်ယာဉ် (၁) စီး။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၂၂)**

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၂၂) ဆုံးဖြတ်ချက်အရ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တင်ဒါအောင်မြင်ခဲ့သည့် စက်၊ ယာဉ်၊ ယန္တရား (၆) စီးနှင့် ဂျပန်နိုင်ငံအစိုးရမှ ထောက်ပံ့လှူဒါန်းထားသော စက်၊ ယာဉ်၊ ယန္တရား (၂၅) စီးကို စုစုပေါင်းယန္တရား (၃၁) စီးကို ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ ကင်းလွတ်ခွင့်ပြုပါရန် တင်ပြလာခြင်းနှင့်ပတ်သက်၍ ၎င်းစက်ယန္တရားများကို သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့်ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ၌ အသုံးပြုမည့် ယန္တရားများဖြစ်ခြင်း၊ စက်ယန္တရား (၂၅) စီးသည် လှူဒါန်းထားသော ယာဉ်များ ဖြစ်ခြင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ကုန်သွယ်လုပ်ငန်းခွန်နှင့် အကောက်ခွန်ကင်းလွတ်ခွင့် ပြုထားခြင်း၊ တင်ဒါအောင်မြင်သော စက်ယန္တရား (၆) စီးအား ကုန်သွယ်လုပ်ငန်းခွန်နှင့် အကောက်ခွန် ကင်းလွတ်ခွင့်မပြုထားသော်လည်း ယခင်က ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ဦးစီးဌာနများပိုင်ယာဉ်များကို ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခကို ကင်းလွတ်ခွင့် ပြုခဲ့ခြင်းတို့ကြောင့် ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ - ၁၂ အရ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ ကင်းလွတ်ခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၂၂)

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၂၂) ဆုံးဖြတ်ချက်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအုပ်ချုပ်မှုဌာန (Rural Development Administration–RDA) တို့ ပူးပေါင်းဆောင်ရွက်သော "စိုက်ပျိုးရေးသိပ္ပံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု" စီမံကိန်းတွင် အသုံးပြုရန်အတွက် ပံ့ပိုးပေးသည့် ယာဉ်အမှတ် 3Q–6794, Hyundai Grand Starex,2017 Model ယာဉ် (၁) စီးကို ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ တင်သွင်းယာဉ်သည် လှူဒါန်းယာဉ်ဖြစ်ခြင်း၊ ဌာနမှ ထုတ်ပြန်ထားသော မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေ၊ ရုံးအမိန့်၊ ညွှန်ကြားချက်များအရ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ၊ ကနဦးမှတ်ပုံတင်ခနှင့် ယာဉ်ထုတ်ရက်လွန်ဒဏ်ကြေးတို့ကို ကင်းလွတ်ခွင့်ပြုနိုင်ခြင်းတို့ကြောင့် ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၁၂ အရ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခကို ကင်းလွတ်ခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၇၇/၂၀၂၂)

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်

(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်)

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၆/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး (ပို့ဆောင်ရေး)၊ ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲမှ စာရင်းကိုင်–၁၊ လစာနှုန်း (၂၃၄,၀၀၀–၂,၀၀၀–၂၄၄,၀၀၀) ဒေါ်အေးမိစံ အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ (ဘဏ္ဍာရေး)၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၇၈/၂၀၂၂)

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၆/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်

မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ကြီးကြပ်ရေးမှူး (တိုင်းတာရေး)၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) (၇) ဦးတို့အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ (တိုင်းတာရေး)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် |
|---|---|
| (က) | ဦးရှမ်းဇော်မင်း |
| (ခ) | ဦးထက်မြတ်ကို |
| (ဂ) | ဦးတင်ကို |
| (ဃ) | ဦးသက်မောင် |
| (င) | ဦးဝင်းဖြိုး |
| (စ) | ဦးသန်းမြတ်စိုး |
| (ဆ) | ဦးစိုးလွင် |

ဗိုလ်ချုပ်ကြီး တင်အောင်စန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်)

**သဘာဝကြိုးဝိုင်းသတ်မှတ်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် မေလတွင် ပြဋ္ဌာန်းခဲ့သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဘောလခဲနှင့် ရွာသစ်မြို့နယ်အတွင်းရှိ ကြားခံနယ်မြေဧရိယာ (၁၆,၆၁၅) ဧက၊ အမာခံထိန်းသိမ်းရေးနယ်မြေ ဧရိယာ (၁၈,၃၇၀) ဧက စုစုပေါင်း ဧရိယာအကျယ်ဝန်း (၃၄,၉၈၅) ဧကရှိသည့် နယ်မြေကို ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်အလို့ငှာ “ပန်းသီတောင်သဘာဝကြိုးဝိုင်း အပိုင်း (၁)” အဖြစ် ၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက် (၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

## နယ်နိမိတ်လားရာဖော်ပြချက်

၁။ နယ်နိမိတ်လားရာဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

မြောက်ဘက်။ တောင်ကြောထိပ် ခန့်မှန်းမြေပုံညွှန်း LX–057308 မှ အရှေ့ဘက်စူးစူးသို့ ၅ ဖာလုံခန့် လာရာ ခန့်မှန်းမြေပုံညွှန်း LX–069308 ထိ၊ ၎င်းမှ မြောက်ဘက်သို့ ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–069310 ထိ၊ ထိုမှ အရှေ့ဘက်သို့ ၁ မိုင် ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–091307 အထိ၊

အရှေ့ဘက်။ ထိုမှ ချောင်းလက်တက် ခန့်မှန်းမြေပုံညွှန်း LX–091307 မှ တောင်ဘက်စူးစူးသို့ ၁ မိုင်ခန့်လာရာ ဟွေပီလူးချောင်းဆုံ ခန့်မှန်းမြေပုံညွှန်း LX–091290 အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ဟွေပီလူးချောင်းလက်တက်အတိုင်း ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–097286 အထိ၊ ၎င်းမှ ဟွေပီလူးချောင်းအတိုင်း အရှေ့တောင်ဘက်သို့ ၁ မိုင်ခန့်လာရာ တောင်ကုန်းအမှတ် (၉၇၁) ၏ တောင်ခြေ ခန့်မှန်းမြေပုံညွှန်း LX–105276 အထိ၊ ထိုမှ တောင်ကုန်းအမှတ် (၉၇၁) တောင်ခြေအတိုင်း အနောက်တောင်ဘက်သို့ ၁ မိုင်ခန့်ပတ်၍လာရာ တောင်ကုန်းအမှတ် (၉၁၈) ၏ တောင်ခြေ ခန့်မှန်းမြေပုံညွှန်း LX–098265 အထိ၊ ၎င်းမှ တောင်ခြေအတိုင်း တောင်ဘက်သို့ ၂ ဖာလုံခန့်ပတ်၍လာရာ ခန့်မှန်းမြေပုံညွှန်း LX–099260 အထိ၊ ထိုမှ အရှေ့ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–103259 အထိ၊ ၎င်းမှ တောင်ဘက် စူးစူးသို့ ၅ ဖာလုံခန့်လာရာ ဝမ်ဟောင်ချောင်းဆုံ ခန့်မှန်းမြေပုံညွှန်း LX–103246 အထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့ ၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–099233 အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–103225 အထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–096225 အထိ၊ ၎င်းမှ တောင်ဘက်သို့ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–095217 အထိ၊ ၎င်းမှ အရှေ့တောင်ဘက်သို့ ချောင်းလက်တက်အတိုင်း ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–103210 အထိ၊ ထိုမှ တောင်စောင်းအတိုင်း အနောက်တောင်ဘက်သို့ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–093205 အထိ၊ ထိုမှ အရှေ့ဘက်သို့ တောင်စောင်းအတိုင်း ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–098203 အထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့ ၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–086195 အထိ၊ ၎င်းမှ အရှေ့တောင်ဘက်သို့ ၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–094187 အထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့ ၆ ဖာလုံခန့်လာရာ လွယ်ဝိုင်းရွာအနောက်ဘက်၊ ဘောလခဲ–ရွာသစ်ကားလမ်း ခန့်မှန်း မြေပုံညွှန်း LX–081178 အထိ၊ ၎င်းမှ အရှေ့တောင်ဘက်သို့ ချောင်းအတိုင်း ၆ ဖာလုံခန့် လာရာ ခန့်မှန်းမြေပုံညွှန်း LX–088168 အထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့ ဟန်နမ့်ဝမ်ချောင်းကိုဖြတ်၍ ၃ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–068147 အထိ၊ ၎င်းမှ အရှေ့တောင်ဘက်သို့ ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–074138 အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ချောင်းလက်တက်အတိုင်း ၁ မိုင် ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–055130 အထိ၊ ၎င်းမှ ဟွေပါလန်ချောင်းအတိုင်း အရှေ့တောင်ဘက်သို့ ၃ မိုင်ခန့်လာရာ ဝမ်ကိုဆာပါချောင်းကိုဖြတ်၍ ခန့်မှန်းမြေပုံညွှန်း LX–083098 အထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့ ၁ မိုင်ခန့်လာရာ ချောင်းနှင့်လူသွားလမ်းဆုံသည့် ခန့်မှန်းမြေပုံညွှန်း LX–070088 အထိ၊ ၎င်းမှ တောင်ဘက်သို့ ချောင်းအတိုင်း ၂ မိုင် ၂ ဖာလုံခန့်လာရာ ဝမ်ဗလရွာအနောက်ဘက် ခန့်မှန်းမြေပုံညွှန်း LX–080050 အထိ၊

တောင်ဘက်။ ထိုမှ ဝမ်ဗလချောင်းဆုံ ခန့်မှန်းမြေပုံညွှန်း LX–080050 နေရာမှ အနောက်တောင်ဘက်သို့ ၄ ဖာလုံခန့်လာရာ ဟွပီဟွေချောင်းအထိ၊ ၎င်းမှ ဟွပီဟွေချောင်းအတိုင်း အနောက်ဘက်သို့ ၄ ဖာလုံခန့်လာရာ ချောင်းဆုံနေရာ ခန့်မှန်းမြေပုံညွှန်း LX–067044 အထိ၊ ၎င်းမှ အနောက် တောင်ဘက်သို့ ချောင်းလက်တက်အတိုင်းလာရာ တောင်ကုန်းအမှတ် (၉၀၉) တောင်ခြေ

ခန့်မှန်းမြေပုံညွှန်း LX–056021 အထိ၊ ၎င်းမှ ကွန်ဒိုအတိုင်း အနောက်တောင်ဘက်သို့ ၁ မိုင် ၁ ဖာလုံခန့်လာရာ လွိုင်စပေ့တောင်ကြောထိပ် ခန့်မှန်းမြေပုံညွှန်း LX–047021 အထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့ တောင်ကြောအတိုင်း ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–042010 အထိ၊ ထိုမှ အနောက်ဘက်သို့ ၃ မိုင် ၃ ဖာလုံခန့်လာရာ လွိုင်မက်ပန်စီတောင်ထိပ် ခန့်မှန်းမြေပုံညွှန်း LX–006024 အထိ၊ ၎င်းမှ အနောက်ဘက်စူးစူးသို့ နမ့်ဖလန်ချောင်းအတိုင်း ၁ မိုင် ၇ ဖာလုံခန့်လာရာ ချောင်းဆုံနေရာ ခန့်မှန်းမြေပုံညွှန်း LW–978028 အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁ မိုင် ၁ ဖာလုံခန့်လာရာ ချိုကွဲ့ချောင်း ခန့်မှန်းမြေပုံညွှန်း LW–969042 အထိ၊

အနောက်ဘက်။　ထိုမှ ချိုကွဲ့ချောင်း ခန့်မှန်းမြေပုံညွှန်း LW–969042 မှ အရှေ့မြောက်ဘက်သို့ ၁ မိုင်ခန့်လာရာ ချောင်းလက်တက်ထိပ် ခန့်မှန်းမြေပုံညွှန်း LW–984048 အထိ၊ ၎င်းမှ အနောက်မြောက်ဘက်သို့ ၁ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LW–975059 အထိ၊ ၎င်းမှ မြောက်ဘက်သို့ ၄ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LW–993112 အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁ မိုင် ၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LW–968124 အထိ၊ ထိုမှ မြောက်ဘက်သို့ ၂ မိုင် ၄ ဖာလုံခန့်လာရာ မိုင်းထမ်းရွာ အရှေ့တောင်ဘက် တာလီလေ့ကြိုးဝိုင်း နယ်နိမိတ်ဖြစ်သည့် ခန့်မှန်းမြေပုံညွှန်း LW–979162 အထိ၊ ၎င်းမှ တာလီလေ့ကြိုးဝိုင်းနယ်နိမိတ်အတိုင်း အရှေ့ဘက်သို့ ၁ မိုင် ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–003153 အထိ၊ ၎င်းမှ တောင်ဘက်သို့ ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–004144 အထိ၊ ထိုမှ အရှေ့ဘက်သို့ ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–015144 အထိ၊ ၎င်းမှ မြောက်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–018149 အထိ၊ ၎င်းမှ အရှေ့ဘက်သို့ ၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–028147 အထိ၊ ၎င်းမှ အရှေ့မြောက်ဘက်သို့ ၁ မိုင် ၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–045170 အထိ၊ ထိုမှ မြောက်ဘက်သို့ ၈ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–069290 အထိ၊ ၎င်းမှ အနောက်ဘက်သို့ ၆ ဖာလုံခန့်လာရာ စောလုံရွာအနောက်ဘက် ခန့်မှန်းမြေပုံညွှန်း LX–057293 အထိ၊ ၎င်းမှ မြောက်ဘက်သို့ ၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–057308 အထိ။

၂။　အမာခံနယ်မြေ နယ်နိမိတ်လားရာဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

မြောက်ဘက်။　တောင်အမှတ် (၅၀၅၀) တောင်စောင်းနေရာ ခန့်မှန်းမြေပုံညွှန်း LX–073303 မှအစပြု၍ အရှေ့ဘက်စူးစူးသို့ တောင်အမှတ် (၅၀၅၀) တောင်ထိပ်ကိုဖြတ်၍ ၅ ဖာလုံ ၄ သံကြိုးခန့်လာရာ တောင်ခြေ ခန့်မှန်းမြေပုံညွှန်း LX–087304 အထိ၊

အရှေ့ဘက်။　ခန့်မှန်းမြေပုံညွှန်း LX–087304 မှစ၍ အရှေ့တောင်ဘက်သို့ ၄ မိုင်ခန့်လာရာ ဟွေပန်ဝေါင်ချောင်းအနီး ခန့်မှန်းမြေပုံညွှန်း LX–094233 အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၃ မိုင် ၃ ဖာလုံ ၇ သံကြိုးခန့်လာရာ ဘောလခဲ–ရွာသစ်သွား ကားလမ်းအနီး ခန့်မှန်းမြေပုံညွှန်း LX–073178 အထိ၊ ၎င်းမှ အရှေ့တောင်ဘက်သို့ ၄ ဖာလုံ ၁ သံကြိုးခန့်လာရာ တောင်ကြောထိပ်အနီး ခန့်မှန်းမြေပုံညွှန်း LX–073168 အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၂ မိုင် ၆ ဖာလုံ ၆ သံကြိုးခန့်လာရာ ဟွေပလန်းချောင်းဖျားအနီး ခန့်မှန်းမြေပုံညွှန်း LX–047125 အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၁ မိုင် ၆ ဖာလုံ ၆ သံကြိုးခန့်လာရာ တောင်အမှတ် (၅၆၈) တောင်ထိပ်နေရာ ခန့်မှန်းမြေပုံညွှန်း LX–062098 အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၄ မိုင် ၃ ဖာလုံခန့်လာရာ လွိုင်စပြေတောင်အနီး ခန့်မှန်းမြေပုံညွှန်း LX–044022 အထိ၊

တောင်ဘက်။　ခန့်မှန်းမြေပုံညွှန်း LX–044022 မှစ၍ အနောက်ဘက်စူးစူးသို့ ၆ ဖာလုံ ၂ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–031021 အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၂ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–000030 အထိ၊

အနောက်ဘက်။ ခန့်မှန်းမြေပုံညွှန်း LX–000030 မှစ၍ မြောက်ဘက်စူးစူးသို့ ၆ မိုင် ၂ ဖာလုံ ၄ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–000140 အထိ၊ ၎င်းမှ အရှေ့ဘက်သို့ ၁ မိုင် ၆ ဖာလုံ ၄ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–031134 အထိ၊ ၎င်းမှ အရှေ့မြောက်ဘက်သို့ ၁၀ မိုင်ခန့်လာရာ တောင်အမှတ် (၅၅၀) အနီး ခန့်မှန်းမြေပုံညွှန်း LX–073303 အထိ။

## ချွန်လုပ်ကွက်နယ်နိမိတ်လားရာဖော်ပြချက်

၃။ ချွန်လုပ်ကွက်ဧရိယာ (၁၂၃) ဧက၏ နယ်နိမိတ်အလားအလာဖော်ပြချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

မြောက်ဘက်။ ခန့်မှန်းမြေပုံညွှန်း LX–061184 မှစ၍ အရှေ့ဘက်သို့ ၁ ဖာလုံခွဲခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–064185 အထိ၊

အရှေ့ဘက်။ ထိုမှ ခန့်မှန်းမြေပုံညွှန်း LX–064185 မှစ၍ အရှေ့တောင်ဘက်သို့ ၁ ဖာလုံ ၃ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–066182 အထိ၊ ၎င်းမှ တောင်ဘက်စူးစူးသို့ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–065176 အထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့ ဘောလခဲ–ရွာသစ်သွားကားလမ်းအတိုင်း ၈ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–064175 အထိ၊ ထိုမှ တောင်ဘက်သို့ ၈ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–064172 အထိ၊

တောင်ဘက်။ ထိုမှ ခန့်မှန်းမြေပုံညွှန်း LX–064172 မှစ၍ အနောက်ဘက်စူးစူးသို့ ၁ ဖာလုံ ၄ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–061172 အထိ၊

အနောက်ဘက်။ ထိုမှ ခန့်မှန်းမြေပုံညွှန်း LX–061172 မှစ၍ အနောက်မြောက်ဘက်သို့ ၁ ဖာလုံ ၇ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–059175 အထိ၊ ထိုမှ မြောက်ဘက်စူးစူးသို့ ၁ ဖာလုံ ၈ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–059180 အထိ၊ ၎င်းမှ အရှေ့မြောက်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း LX–061184 အထိ။

## တားမြစ်ချက်များ

၄။ ပန်းသီတောင်သဘာဝကြိုးဝိုင်းအတွင်း ခွင့်ပြုချက်မရှိဘဲ အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ်လိုက်သည်–

(က) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ခ) အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထားရှိခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

(ဂ) ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာ ပျက်စီးစေခြင်း သို့မဟုတ် ရေတွင် အဆိပ်ခတ်ခြင်း၊

(ဃ) မည်သည့်တောရိုင်းတိရစ္ဆာန်ကိုမျှ သဘာဝကြိုးဝိုင်းအတွင်းသော်လည်းကောင်း၊ သဘာဝကြိုးဝိုင်းနှင့် ထိစပ်ဆက်စပ်နေသည့် နေရာဒေသအတွင်းသော်လည်းကောင်း ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(င) မည်သည့်သဘာဝအပင်ကိုမဆို ခုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း၊

(စ) သက်ရှိသက်မဲ့ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထားတည်ရှိမှု တစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(ဆ) လူတို့မွေးမြူထားသောတိရစ္ဆာန်များကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊

(ဇ) မြေကို တူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခုလုပ်ကိုင်ခြင်း၊

(ဈ) အများပြည်သူကြည့်ရှုလေ့လာအပန်းဖြေခွင့်ပြုထားသည့် နေရာများမှအပ တားမြစ်ထားသောနေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

(ည) မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွှေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်ထားရှိခြင်း။

## ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ

၅။ ပန်းသီတောင်သဘာဝကြိုးဝိုင်း ကြားခံနယ်မြေအတွင်း ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အခွင့်ရသူ၏အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| ၁ | ဘောလခဲမြို့၊ စောလုံကျေးရွာအုပ်စု<br>လွယ်ဝိန်းကျေးရွာ<br>အိမ်ခြေ (၂၉) အိမ် | ကျေးရွာသုံးအတွက် နှစ်စဉ်ထုတ်ယူခွင့်ပြုသည့်<br>သစ်တောထွက်ပစ္စည်းများ-<br>- အိမ်တိုင် (၁၂၀) လုံး<br>- မျောတိုင် (၁၅၀) လုံး<br>- ဝါး (၁၅၀၀၀) လုံး<br>- ထင်း (၇၀) တန်<br>- လျှော် (၆၀) ပိဿာ<br>- အင်ဖက် (၂၀၃၀၀) ဖြစ်<br>**စားကျက်ချခွင့်** - ကျွဲ (၄၀) ကောင်၊ နွား (၅၀) ကောင် |
| ၂ | ဘောလခဲမြို့၊ ဘောလခဲကျေးရွာအုပ်စု<br>မိုင်းထမ်းကျေးရွာ<br>အိမ်ခြေ (၁၁၈) အိမ် | ကျေးရွာသုံးအတွက် နှစ်စဉ်ထုတ်ယူခွင့်ပြုသည့်<br>သစ်တောထွက်ပစ္စည်းများ-<br>- အိမ်တိုင် (၃၂၀) လုံး<br>- မျောတိုင် (၆၀၀) လုံး<br>- ဝါး (၆၀၀၀) လုံး<br>- ထင်း (၁၀၀) တန်<br>- လျှော် (၃၀၀) ပိဿာ<br>**စားကျက်ချခွင့်** - နွား (၆၅၀) ကောင် |
| ၃ | ဘောလခဲမြို့၊ ဘောလခဲကျေးရွာအုပ်စု<br>ဝမ်ချယ်ကျေးရွာ<br>အိမ်ခြေ (၇၅) အိမ် | ကျေးရွာသုံးအတွက် နှစ်စဉ်ထုတ်ယူခွင့်ပြုသည့်<br>သစ်တောထွက်ပစ္စည်းများ-<br>- အိမ်တိုင် (၃၂၀) လုံး<br>- မျောတိုင် (၆၀၀) လုံး<br>- ဝါး (၆၀၀၀) လုံး<br>- ထင်း (၁၀၀) တန်<br>- လျှော် (၃၀၀) ပိဿာ<br>**စားကျက်ချခွင့်** - နွား (၅၃၈) ကောင် |

| စဉ် | အခွင့်ရသူ၏အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| ၄ | ဘောလခဲမြို့၊ ချိကွဲ့ကျေးရွာအုပ်စု<br>ချိကွဲ့ကျေးရွာ<br>အိမ်ခြေ (၁၀၅) အိမ် | ကျေးရွာသုံးအတွက် နှစ်စဉ်ထုတ်ယူခွင့်ပြုသည့် သစ်တောထွက်ပစ္စည်းများ–<br>– အိမ်တိုင် (၂၂၀) လုံး<br>– မျှော့တိုင် (၃၀၀) လုံး<br>– ဝါး (၂၄၀၀၀) လုံး<br>– ထင်း (၂၆၂) တန်<br>– လျှော် (၃၀၀) ပိဿာ<br>**စားကျက်ချခွင့်** – နွား (၂၅၀၀) ကောင် |
| ၅ | ဘောလခဲမြို့၊ ချိကွဲ့ကျေးရွာအုပ်စု<br>နန့်နောက်ကျေးရွာ<br>အိမ်ခြေ (၄၂) အိမ် | ကျေးရွာသုံးအတွက် နှစ်စဉ်ထုတ်ယူခွင့်ပြုသည့် သစ်တောထွက်ပစ္စည်းများ–<br>– အိမ်တိုင် (၁၁၀) လုံး<br>– မျှော့တိုင် (၁၅၀) လုံး<br>– ဝါး (၉၉၀၀) လုံး<br>– ထင်း (၁၀၅) တန်<br>– လျှော် (၂၀၀) ပိဿာ<br>**စားကျက်ချခွင့်** – နွား (၄၅၀) ကောင် |
| ၆ | ရွာသစ်မြို့၊ လွယ်ဝိုင်းကျေးရွာအုပ်စု<br>ဝက်မလန်းကျေးရွာ<br>အိမ်ခြေ (၉) အိမ် | ကျေးရွာသုံးအတွက် နှစ်စဉ်ထုတ်ယူခွင့်ပြုသည့် သစ်တောထွက်ပစ္စည်းများ–<br>– အိမ်တိုင် (၈၀) လုံး<br>– မျှော့တိုင် (၁၅၀) လုံး<br>– ဝါး (၂၀၀၀) လုံး<br>– ထင်း (၂၂.၅) တန်<br>– လျှော် (၂၀၀) ပိဿာ<br>**ဥယျာဉ်ခြံလုပ်ကိုင်ခွင့်** – ဖာလာခြံ (၁၃၇.၅)ဧက |
| ၇ | ဘောလခဲမြို့၊ လွယ်ဝိုင်းကျေးရွာအုပ်စု<br>လွယ်ဝိုင်းကျေးရွာ<br>အိမ်ခြေ (၈၇) အိမ် | ကျေးရွာသုံးအတွက် နှစ်စဉ်ထုတ်ယူခွင့်ပြုသည့် သစ်တောထွက်ပစ္စည်းများ–<br>– အိမ်တိုင် (၈၀) လုံး<br>– ဝါး (၃၀၄၅၀) လုံး<br>– ထင်း (၄၃၅) တန်<br>– လျှော် (၃၀၀) ပိဿာ<br>**ယာမြေလုပ်ကိုင်ခွင့်** – ယာမြေ (၃၇.၃၅)ဧက<br>**စားကျက်ချခွင့်** – ကျွဲ (၈၀) ကောင်၊ နွား (၁၂၀) ကောင် |

၆။ ဖော်ပြပါခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများကို အစိုးရကကြီးကြပ်နိုင်ခွင့်ရှိ၍ လုပ်ကိုင်သည့် ဥယျာဉ်ခြံမြေများပေါ်တွင် သတ်မှတ်ထားသည့် နှုန်းထားများအတိုင်း သစ်တောဦးစီးဌာနက အခွန်တော်ကောက်ခံခွင့်ရှိသည်။ အဆိုပါ ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများကို ရရှိသူများသည် အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ လိုက်နာကျင့်သုံးရမည်–

(က) ခွင့်ပြုထားသောမြေ သို့မဟုတ် အဆောက်အအုံတစ်ခုခုအပေါ် ခွင့်ပြုထားသော လုပ်ငန်းလုပ်ဆောင်၍ ရရှိသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများမှတစ်ပါး ကျန်အခွင့်အရေးများကို ခံစားခွင့်မရှိစေရ၊

(ခ) ခွင့်ပြုထားသော ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများကို သဘာဝထိန်းသိမ်းရေးနယ်မြေသတ်မှတ်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ တစ်ဆက်တည်း ၁၀ နှစ်ထက်ကျော်လွန်၍ ခံစားခြင်းမရှိလျှင် သို့မဟုတ် ထူးခြားဖြစ်စဉ်များအတွက် ခိုင်လုံသောအထောက်အထား မတင်ပြနိုင်လျှင် အဆိုပါ ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးသည် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်၊

(ဂ) ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးကို မူလရရှိသည့် ပုဂ္ဂိုလ်မှ သွေးသားတော်စပ်မွေးဖွားလာသူ သို့မဟုတ် ရိုးရာဓလေ့ထုံးတမ်းအရ ဆက်ခံပိုင်ခွင့်ရှိသူက ဆက်လက်ခံစားနိုင်သည်။ ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေး ပေးထားသည့် ဧရိယာတွင် ခွင့်ပြုထားခြင်းမရှိသော မြေအသုံးချမှုတစ်ရပ်ရပ်ကို ပြုလုပ်ပါက မူလက ပေးထားသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးကိုရုပ်သိမ်း၍ သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း အခြားမြေအသုံးချမှု ပြုလုပ်သည့်အတွက် ဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်၊

(ဃ) လုပ်ကိုင်ခွင့်ရရှိသည့် ဥယျာဉ်ခြံမြေကို အသစ်တိုးချဲ့ခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ဖလှယ်ခြင်း မပြုရ၊

(င) ထင်း၊ ခြံတိုင်နှင့် ဝါးများကို မိမိသုံးအတွက် ခွင့်ပြုခြင်းဖြစ်ပါက တစ်ဆင့်ပြန်လည်ရောင်းချခြင်းမပြုရ။

၇။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေအရ အရေးယူခြင်းခံရမည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၂)

## အမျိုးသားဥယျာဉ်သတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် မေလတွင် ပြဋ္ဌာန်းခဲ့သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ချင်းပြည်နယ်၊ ဟားခါး ခရိုင်၊ ထန်တလန်မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်အတွင်းကျရောက်နေသည့် ဧရိယာ အကျယ်အဝန်း (၂၈,၂၈၇) ဧကရှိသည့်မြေကိုဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်အလို့ငှာ “စာမွှန်းတောင် အမျိုးသားဥယျာဉ်” အဖြစ် ၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက် (၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်) မှစတင်၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

**နယ်နိမိတ်လားရာဖော်ပြချက်**

၁။ နယ်နိမိတ်လားရာဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

မြောက်ဘက်။ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-7-413158 ပရာချောင်းမှအစပြု၍ အရှေ့ဘက်သို့ ၇ ဖာလုံခန့်သွားရာ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-7-430162 အထိ၊ ထိုမှ မြောက်ဘက်သို့ ၄ ဖာလုံခန့်လားရာ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-7-432170 အထိ၊ ထိုမှ အရှေ့ဘက်သို့ ၁ မိုင် ၄ ဖာလုံခန့်လားရာ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-7-456167 အထိ၊ ထိုမှ မြောက်ဘက်သို့ ၅ ဖာလုံခန့်လားရာ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-7-460179 ဇောင်ရှူးချောင်းအထိ၊ ထိုမှ အရှေ့ဘက်သို့ ၁ မိုင်ခန့်လားသော် ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-7-471160 လာဘိုဇာချောင်းဖျားအထိ၊

အရှေ့ဘက်။ ထိုမှ တောင်ဘက်သို့ ၂ မိုင် ၇ ဖာလုံခန့်လားသော် ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-7-472124 အေပီဇာချောင်းဖျားထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-7-466129 အထိ၊ ထိုမှ အနောက်တောင်ဘက်ယွန်းယွန်းသို့ ၁ မိုင်ခန့်ဆက်၍လားရာ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-7-453105 အထိ၊ ထိုမှ တောင်ဘက်သို့ ၁ မိုင် ၂ ဖာလုံခန့်လားသော် ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-7-449085 အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၇ ဖာလုံခန့်သွားသော် ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-7-458075 အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၁ မိုင် ၂ ဖာလုံခန့်ဆက်၍သွားသော် ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-8-463057 အထိ၊ ထိုမှ အရှေ့တောင်ဘက်ယွန်းယွန်းသို့ ၁ မိုင် ၁ ဖာလုံခန့်သွားသော် ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-8-498047 အထိ၊ ထိုမှ အနောက်တောင်ဘက်ယွန်းယွန်းသို့ ၁ မိုင်ခန့်သွားသော် ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-8-489032 အထိ၊ ထိုမှ အရှေ့တောင်ဘက်ယွန်းယွန်းသို့ ၄ ဖာလုံခန့်သွားသော် ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-8-495029 အထိ၊ ထိုမှ တောင်ဘက်သို့ ၁ မိုင် ၃ ဖာလုံခန့်လားသော် ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-8-488006 အထိ၊ ထိုမှ တောင်ဘက်သို့ ၁ မိုင် ၁ ဖာလုံခန့်သွားသော် ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-8-493988 ချောင်သဲချောင်းအထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-8-502990 အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၂ ဖာလုံ ၆ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-8-510988 အထိ၊ ထိုမှ ထန်တလန်-မတူပီ မြို့နယ်ခြားနယ်နိမိတ်အတိုင်း အနောက်တောင်ဘက်သို့ ၃ မိုင် ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-8-490942 အထိ၊

တောင်ဘက်။ ထိုမှ ရာဝေါချောင်းအတိုင်း အနောက်မြောက်ဘက်ယွန်းယွန်းသို့ဆက်၍ ၁ မိုင်ခန့်ဆန်တက်လာရာ ရာဝေါချောင်းပေါ်ရှိ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-8-480951 အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ရာဝေါချောင်းအတိုင်းဆက်၍ ၁ မိုင် ၂ ဖာလုံခန့်ဆန်ရာ ရာဝေါချောင်းပေါ်ရှိ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-8-459956 အထိ၊ ထိုမှ အနောက်မြောက်ဘက်ယွန်းယွန်းသို့ ၁ မိုင် ၆ ဖာလုံခန့်ဆက်၍လာရာ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-8-439979 အထိ၊ ထိုမှ အနောက်မြောက်ဘက်ယွန်းယွန်းသို့ ၇ ဖာလုံခန့်လားရာ ကြောထိပ်ပေါ်ရှိ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-8-425985 အထိ၊

အနောက်ဘက်။ ထိုမှ မြောက်ဘက်ယွန်းယွန်းသို့ ၁ မိုင် ၂ ဖာလုံခန့်လားသော် ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-8-413000 အထိ၊ ထိုမှ မြောက်ဘက်ယွန်းယွန်းသို့ ၁ မိုင် ၅ ဖာလုံခန့်ဆက်သွားရာ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-8-403024 အထိ၊ ထိုမှ မြောက်ဘက်သို့ ၇ ဖာလုံခန့်ဆက်၍လားရာ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-8-407036 အထိ၊ ထိုမှ မြောက်ဘက်သို့ ၂ မိုင် ၅ ဖာလုံခန့်ဆက်၍သွားရာ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-8-400061 အထိ၊ ထိုမှ အနောက်မြောက်ဘက်ယွန်းယွန်းသို့ ၂ ဖာလုံခန့်လားရာ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-8-397064 အထိ၊ ထိုမှ မြောက်ဘက်သို့ ၂ မိုင် ၃ ဖာလုံခန့်လားရာ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-7-400103 အထိ၊ ထိုမှ ဆက်၍ အရှေ့မြောက်ဘက်ယွန်းယွန်းသို့ ၅ ဖာလုံခန့်လားရာ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-7-408112 အထိ၊ ထိုမှ မြောက်ဘက်တည့်တည့်သို့ ၂ မိုင် ၅ ဖာလုံခန့်ဆက်၍သွားသော် မူလအစပြုခဲ့ရာ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-7-413158 အထိ။

## ချန်လှပ်ကွက်နယ်နိမိတ်လားရာဖော်ပြချက်

၂။ ချန်လှပ်ကွက်အမှတ် (၁)၊ ထန်တလန်မြို့နယ်၊ ငါဖိုင်သဲကျေးရွာနေ တောင်သူ (၄) ဦး၏ သာသနာပိုင်မြေ (၁၀) ကေ နယ်နိမိတ်အလားအလာဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

မြောက်ဘက်။ ခန့်မှန်းမြေပုံညွှန်းအမှတ် 84F–8–437076 နေရာမှအစပြု၍ အရှေ့ဘက်သို့ ၂ သံကြိုးခန့်လားသော် ခန့်မှန်းမြေပုံညွှန်းအမှတ် 84F–8–438076 နေရာအထိ၊

အရှေ့ဘက်။ ခန့်မှန်းမြေပုံညွှန်းအမှတ် 84F–8–438076 နေရာမှအစပြု၍ သိဖေချောင်းဖျား ၂၀ သံကြိုး ၄ ကိုက်ခန့်လားသော် ခန့်မှန်းမြေပုံညွှန်းအမှတ် 84F–8–438072 နေရာအထိ၊

တောင်ဘက်။ ခန့်မှန်းမြေပုံညွှန်းအမှတ် 84F–8–438072 နေရာမှအစပြု၍ အနောက်ဘက်သို့ ၂ သံကြိုး ၁၀ ကိုက်ခန့်လားသော် ခန့်မှန်းမြေပုံညွှန်းအမှတ် 84F–8–437072 နေရာအထိ၊

အနောက်ဘက်။ ခန့်မှန်းမြေပုံညွှန်းအမှတ် 84F–8–437072 နေရာမှအစပြု၍ မြောက်ဘက်သို့ ၂၀ သံကြိုး ၅ ကိုက်ခန့်လားသော် မူလအစပြုခဲ့သည့် ခန့်မှန်းမြေပုံညွှန်းအမှတ် 84F–8–437076 နေရာအထိ။

၃။ ချန်လှပ်ကွက်အမှတ် (၂)၊ ထန်တလန်မြို့နယ်၊ ငါဖိုင်သဲကျေးရွာနေ တောင်သူ (၂) ဦး၏ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေးနယ်မြေ (၂) ကေ နယ်နိမိတ်အလားအလာဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

မြောက်ဘက်။ ခန့်မှန်းမြေပုံညွှန်းအမှတ် 84F–7–422130 နေရာမှအစပြု၍ အရှေ့ဘက်သို့ ၃ သံကြိုး ၁၀ ကိုက်ခန့်လားသော် ခန့်မှန်းမြေပုံညွှန်းအမှတ် 84F–7–423130 နေရာအထိ၊

အရှေ့ဘက်။ ခန့်မှန်းမြေပုံညွှန်းအမှတ် 84F–7–423130 နေရာမှအစပြု၍ တောင်ဘက်သို့ ၆ သံကြိုး ၁၀ ကိုက်ခန့်လားသော် ခန့်မှန်းမြေပုံညွှန်းအမှတ် 84F–7–423129 နေရာအထိ၊

တောင်ဘက်။ ခန့်မှန်းမြေပုံညွှန်းအမှတ် 84F–7–423129 နေရာမှအစပြု၍ အနောက်ဘက်သို့ ၂ သံကြိုး ၂၀ ကိုက်ခန့်လားသော် ခန့်မှန်းမြေပုံညွှန်းအမှတ် 84F–7–422129 နေရာအထိ၊

အနောက်ဘက်။ ခန့်မှန်းမြေပုံညွှန်းအမှတ် 84F–7–422129 နေရာမှအစပြု၍ မြောက်ဘက်သို့ ၆ သံကြိုး ၈ ကိုက်ခန့်လားသော် မူလအစပြုခဲ့သည့် ခန့်မှန်းမြေပုံညွှန်းအမှတ် 84F–7–422130 နေရာအထိ။

၄။ ချန်လှပ်ကွက်အမှတ် (၃)၊ ထန်တလန်မြို့နယ်၊ ငါဖိုင်သဲကျေးရွာနေ တောင်သူ (၂) ဦး၏ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေးနယ်မြေ (၁) ကေ နယ်နိမိတ်အလားအလာဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

မြောက်ဘက်။ ခန့်မှန်းမြေပုံညွှန်းအမှတ် 84F–7–443144 နေရာမှအစပြု၍ အရှေ့ဘက်သို့ ၃ သံကြိုး ၈ ကိုက်ခန့်လားသော် ခန့်မှန်းမြေပုံညွှန်းအမှတ် 84F–7–444144 နေရာအထိ၊

အရှေ့ဘက်။ ခန့်မှန်းမြေပုံညွှန်းအမှတ် 84F–7–444144 နေရာမှအစပြု၍ တောင်ဘက်သို့ ၃ သံကြိုး ၅ ကိုက်ခန့်လားသော် ခန့်မှန်းမြေပုံညွှန်းအမှတ် 84F–7–444143 နေရာအထိ၊

တောင်ဘက်။ ခန့်မှန်းမြေပုံညွှန်းအမှတ် 84F–7–444143 နေရာမှအစပြု၍ အနောက်ဘက်သို့ ၂ သံကြိုး ၂၀ ကိုက်ခန့်လားသော် ခန့်မှန်းမြေပုံညွှန်းအမှတ် 84F–7–443143 နေရာအထိ၊

အနောက်ဘက်။ ခန့်မှန်းမြေပုံညွှန်းအမှတ် 84F–7–443143 နေရာမှအစပြု၍ မြောက်ဘက်သို့ ၃ သံကြိုး ၅ ကိုက်ခန့်လားသော် မူလအစပြုခဲ့သည့် ခန့်မှန်းမြေပုံညွှန်းအမှတ် 84F–7–443144 နေရာအထိ။

**တားမြစ်ချက်များ**

၅။ စာမွန်းတောင်အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်သည့်နယ်မြေအတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန်တားမြစ်လိုက်သည်–

(က) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ခ) အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထားရှိခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

(ဂ) ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာ ပျက်စီးစေခြင်း သို့မဟုတ် ရေတွင်အဆိပ်ခတ်ခြင်း၊

(ဃ) အမျိုးသားဥယျာဉ်နှင့် ထိစပ်ဆက်စပ်နေသည့် နေရာဒေသအတွင်းသော်လည်းကောင်း ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(င) မည်သည့်သဘာဝအပင်ကိုမဆို ခုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း၊

(စ) သက်ရှိသက်မဲ့ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထားတည်ရှိမှု တစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(ဆ) လူတို့မွေးမြူထားသောတိရစ္ဆာန်များကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊

(ဇ) မြေကို တူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခုလုပ်ကိုင်ခြင်း၊

(ဈ) အများပြည်သူကြည့်ရှုလေ့လာအပန်းဖြေခွင့်ပြုထားသည့် နေရာများမှအပ တားမြစ်ထားသောနေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

(ည) မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်ထားရှိခြင်း။

၆။ **ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| ၁ | မရှိပါ | မရှိပါ |

၇။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေအရ အရေးယူခြင်းခံရမည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂)

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်)

## အမျိုးသားဥယျာဉ်သတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ မေလတွင် ပြဋ္ဌာန်းခဲ့သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်အတွင်း ကျရောက်နေသည့် ဧရိယာ အကျယ်အဝန်း (၆၀,၀၄၆.၇၁) ဧကရှိသောနယ်မြေကို ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရန်အလို့ငှာ **ဇလုံတောင် အမျိုးသားဥယျာဉ်** အဖြစ် ၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက် (၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်) မှ စတင်၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

### နယ်နိမိတ်လားရာဖော်ပြချက်

၁။ နယ်နိမိတ်လားရာဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

မြောက်ဘက်။ နန့်ဆောင်ကြိုးဝိုင်း၊ မံစီကြီးကြိုးပြင်ကာကွယ်တောနှင့် နန့်ခေါင်ဟူးကြိုးဝိုင်းနယ်နိမိတ်တို့ဆုံရာ N–24˚ 39′ 23.07″ , E–095˚ 47′ 59.33″ မှစ၍ အရှေ့မြောက်သို့ ကလပ်ချောင်းမြောက်ဘက် ရေဝေခင်ကြောအတိုင်း ၆ ဖာလုံခန့်လာရာ ပြာတောင်အမြင့်ပေ ၃၄၆၁ အထိ၊ ၎င်းမှ အရှေ့ဘက်သို့ ရေဝေခင်ကြောအတိုင်း ၂ မိုင် ၄ ဖာလုံခန့်လာရာ တောင်အမြင့်ပေ ၃၀၁၃ N–24˚ 40′ 4.68″ , E–095˚ 51′ 13.73″ အထိ၊ ၎င်းမှ တောင်ကြောအတိုင်း အရှေ့မြောက်ဘက်သို့ ၅ ဖာလုံခန့်လာရာ မံစီကြိုးပြင်ကာကွယ်တော၊ နန့်မားကြိုးဝိုင်းနှင့် နန့်ခေါင်ဟူးကြိုးဝိုင်းနယ်နိမိတ်တို့ဆုံရာ N–24˚ 40′ 27.44″ , E–095˚ 51′ 42.17″ အထိ၊ ၎င်းမှ အရှေ့မြောက်ဘက်သို့ တောင်ကြောအတိုင်းလာရာ နန့်မားကြိုးဝိုင်းအကွက်အမှတ် (၈၃) နှင့် (၈၄) ခွဲထားသည့်နယ်နိမိတ်နှင့်ဆုံရာ တောင်ထိပ်အမြင့်ပေ ၂၈၁၂ N–24˚ 41′ 6.84″, E–095˚ 52′ 49.88″ အထိ၊

အရှေ့ဘက်။ ၎င်းတောင်ထိပ်မှ တောင်ကြောအတိုင်း အရှေ့တောင်ဘက်သို့ ၄ ဖာလုံခန့်လာရာ နန့်မား ကြိုးဝိုင်းနယ်နိမိတ်နှင့် နန့်ခေါင်ဟူးကြိုးဝိုင်းအရှေ့ဘက်နယ်နိမိတ်ခွဲနေရာ N–24˚ 40′ 44.31″ , E–095˚ 53′ 15.76″ အထိ၊ ထိုမှ တောင်ကြောအတိုင်း အနောက်တောင်ဘက်သို့ ၁ မိုင်ခွဲခန့်လာရာ နန့်သရက်ချောင်းနှင့်ဆုံရာ N–24˚ 40′ 1.21″ , E–095˚ 52′ 43.90″ အထိ၊ ၎င်းမှ နန့်သရက်ချောင်းအတိုင်း တောင်ဘက်သို့ ၁ မိုင် ၅ ဖာလုံခန့်စုန်ဆင်းလာရာ ကလပ် ချောင်းနှင့်ဆုံရာ N–24˚ 38′ 39.74″ , E–095˚ 52′ 32.44″ အထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့ လယ်ကွင်းများကိုဝိုက်၍ ၂ ဖာလုံခန့်လာရာ N–24˚ 38′ 35.36″ , E–095˚ 52′ 24.29″ အထိ၊ ၎င်းမှ အရှေ့တောင်ဘက်သို့ ကလပ်ချောင်းလက်တက်ကိုဖြတ်၍ ၃ ဖာလုံခန့်လာရာ N–24˚ 38′ 22.40″, E–095˚ 52′ 33.26″ အထိ၊ ၎င်းမှ အရှေ့မြောက်ဘက်သို့ ၂ ဖာလုံခန့်လာရာ နန့်ခေါင်ဟူးကြိုးဝိုင်းနယ်နိမိတ်နှင့်ဆုံသည့် N–24˚ 38′ 24.67″ , E–095˚ 52′ 41.76″ အထိ၊ ၎င်းမှ အရှေ့တောင်ဘက်သို့ နန့်ခေါင်ဟူးကြိုးဝိုင်းနယ်နိမိတ်အတိုင်း ၂ မိုင်ခန့်လာရာ N–24˚ 37′ 16.27″ , E–095˚ 53′ 27.12″ အထိ၊ ထိုမှ အနောက်တောင်ဘက်သို့

လယ်မြေများကိုဝိုက်၍ ၁ ဖာလုံခန့်လာရာ N–24˚ 37′ 11.59″ , E–095˚ 53′ 20.59″ အထိ၊ ၎င်းမှ အရှေ့တောင်ဘက်သို့ နန့်ခေါင်ဟူးချောင်းကိုဖြတ်၍ ၃ ဖာလုံခန့်လာရာ N–24˚ 36′ 56.58″ , E–095˚ 53′ 30.66″ အထိ၊ ၎င်းမှ အရှေ့မြောက်ဘက်သို့ ၁ ဖာလုံခန့်လာရာ N–24˚ 30′ 0.54″ , E–095˚ 53′ 38.68″ အထိ၊ ထိုမှ နန့်ခေါင်ဟူးကြိုးဝိုင်းနယ်နိမိတ်အတိုင်း အရှေ့တောင်ဘက်သို့ ၂ မိုင်ခွဲ ခန့်လာရာ N–24˚ 35′ 5.62″ , E–095˚ 54′ 36.61″ အထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့ လယ်မြေများကိုဝိုက်၍ ၃ ဖာလုံခန့်လာရာ N–24˚ 35′ 2.36″ , E–095˚ 54′ 21.54″ အထိ၊ ၎င်းမှ တောင်ဘက်သို့ ဆီမီးချောင်းကိုဖြတ်၍ ၄ ဖာလုံခန့်လာရာ N–24˚ 34′ 31.94″ , E–095˚ 54′ 25.79″ အထိ၊ ၎င်းမှ အရှေ့ဘက်သို့ ဆီမီးချောင်းအတိုင်း ၃ ဖာလုံခန့်ဆင်းလာရာ ဆီမီးချောင်း၏တောင်ဘက် နန့်ခေါင်ဟူးကြိုးဝိုင်းနယ်နိမိတ်နှင့်ဆုံသည့် N–24˚ 34′ 34.51″ , E–095˚ 54′ 38.40″ အထိ၊ ၎င်းမှ တောင်ဘက်သို့ နန့်ခေါင်ဟူးကြိုးဝိုင်းနယ်နိမိတ်ဖြစ်သည့် တောင်ကြောအတိုင်း ၃ မိုင်ခန့်လာရာ နန့်ဆူချောင်းနှင့်ဆုံရာ N–24˚ 32′ 17.45″ , E–095˚ 55′ 8.22″ အထိ၊ ထိုမှ ချောင်းအတိုင်း အနောက်မြောက်ဘက်သို့ ၁ ဖာလုံခန့်ဆန်တက်လာရာ N–24˚ 32′ 22.67″, E–095˚ 55′ 5.33″ အထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့ လယ်မြေများကို ကွင်း၍ ၁ ဖာလုံခန့်လာရာ N–24˚ 32′ 20.65″, E–095˚ 55′ 1.30″ အထိ၊ ၎င်းမှ အရှေ့တောင်ဘက်သို့ စုန်ဆင်းလာရာ နန့်ခေါင်ဟူးကြိုးဝိုင်းနယ်နိမိတ်နှင့်ဆုံသည့် N–24˚ 32′ 17.23″, E–095˚ 55′ 3.76″ အထိ၊ ၎င်းမှ နန့်ခေါင်ဟူးကြိုးဝိုင်းနယ်နိမိတ်အတိုင်း တောင်ဘက်သို့ ၁ မိုင်ခန့်လာရာ မွတ်သိမ် ကျေးရွာအနောက်ဘက် ၂ ဖာလုံခန့်အကွာရှိ ချောင်းလက်တက်ငယ်နှင့်ဆုံသည့် N–24˚ 31′ 15.38″, E–095˚ 54′ 50.48″ အထိ၊ ၎င်းမှ နန့်ခေါင်ဟူးကြိုးဝိုင်း နယ်နိမိတ်အတိုင်း အနောက်တောင်ဘက်သို့လာရာ နန့်ဇေတောင်ချောင်းနှင့်ဆုံရာ N–24˚ 30′ 31.89″, E–095˚ 52′ 56.62″ အထိ၊ ၎င်းမှ နန့်ဇေတောင်ချောင်းအတိုင်း တောင်ဘက်သို့ ၂ ဖာလုံခန့် ဆင်းလာရာ နားတောနောက်ကျေးရွာ အနောက်ဘက် ၁ ဖာလုံခန့်အကွာ N–24˚ 30′ 2.97″, E–095˚ 52′ 51.97″ အထိလည်းကောင်း၊ မြောက်ဘက်သို့ ၂ ဖာလုံခန့်လာရာ N–24˚ 30′ 18.00″, E–095˚ 52′ 51.04″ အထိ၊ ထိုမှ အနောက်ဘက်သို့ ၂ ဖာလုံခန့်လာရာ လယ်မြေများကိုကွင်း၍ N–24˚ 30′ 16.41″, E–095˚ 52′ 35.72″ အထိ၊ ထိုမှ တောင်ဘက်သို့ ၆ ဖာလုံခန့်လာရာ N–24˚ 29′ 49.05″, E–095˚ 52′ 37.34″ အထိ၊ ထိုနေရာမှ အရှေ့ဘက်သို့ ၃ ဖာလုံခန့်အကွာ နန့်ခေါင်ဟူးကြိုးဝိုင်းနယ်နိမိတ်ဆုံရာ N–24˚ 29′ 50.63″, E–095˚ 52′ 54.75″ အထိ၊ ထိုမှ တောင်ဘက်သို့ နန့်ခေါင်ဟူးကြိုးဝိုင်းနယ်နိမိတ်အတိုင်း ၁ မိုင် ၂ ဖာလုံခန့်လာရာ N–24˚ 29′ 07.17″, E–095˚ 53′ 09.64″ အထိ၊ ထိုမှ အနောက်ဘက်သို့ ၂ ဖာလုံခန့်လာရာ လယ်မြေများကိုကွင်း၍ N–24˚ 29′ 06.21″, E–095˚ 53′ 01.01″ အထိ၊ ထိုမှ တောင်ဘက်သို့ ၆ ဖာလုံခန့်လာရာ N–24˚ 28′ 49.05″, E–095˚ 53′ 01.55″ အထိ၊ ထိုမှ နန့်ခေါင်ဟူးကြိုးဝိုင်းနယ်နိမိတ်ဆုံရာ N–24˚ 28′ 48.99″, E–095˚ 53′ 10.93″ အထိ၊ ထိုမှ နန့်ခေါင်ဟူးကြိုးဝိုင်းနယ်နိမိတ်အတိုင်း တောင်ဘက်သို့ ၅.၆ ဖာလုံခန့်လာရာ ကွင်းလိုင်ချောင်းနှင့်ဆုံသည့်နေရာ N–24˚ 28′ 24.96″, E–095˚ 53′ 2.12″ အထိ၊

တောင်ဘက်။

၎င်းမှ အနောက်ဘက်သို့ ဇေတောင်ချောင်းလက်တက်များကိုဖြတ်၍ ၂ မိုင်ခန့်လာရာ လေးသီချောင်းနှင့်ဆုံသည့် N–24˚ 27′ 54.34″, E–095˚ 51′ 21.58″ အထိ၊ ထိုမှ တောင်ဘက်သို့ ၄ ဖာလုံခန့်လာရာ N–24˚ 27′ 23.97″, E–095˚ 51′ 13.16″ အထိ၊ ထိုမှ အနောက်ဘက်သို့ ၁ မိုင် ၂ ဖာလုံခန့်လာရာ ခမိုးချောင်းလက်တက် ချောင်းခွဆုံ၏အထက် N–24˚ 27′ 9.75″, E–095˚ 50′ 2.01″ အထိ၊ ထိုမှ အနောက်ဘက်သို့ တောင်ခြေအတိုင်းလာရာ ပင်းမနားချောင်းနှင့်ဆုံသည့် N–24˚ 26′ 55.63″, E–095˚ 49′ 3.08″ အထိ၊

အနောက်ဘက်။ ထိုမှ ပင်းမနားချောင်းအတိုင်း မြောက်ဘက်သို့ဆန်တက်လာရာ နန့်ခေါင်ဟူးကြိုးဝိုင်းနယ်နိမိတ်နှင့်ဆုံသည့် ချောင်းဖျား N–24˚ 29′ 31.35″, E–095˚ 48′ 29.63″ အထိ၊ ၎င်းမှ နန်းခေါင်ဟူးကြိုးဝိုင်းမူလနယ်နိမိတ်တောင်ကြောအတိုင်း မြောက်ဘက်သို့ ၂ မိုင် ၄ ဖာလုံခန့်လာရာ ချောင်းကြီးဖျားကြိုးဝိုင်းနယ်နိမိတ်နှင့်ဆုံသည့် N–24˚ 31′ 10.24″, E–095˚ 47′ 34.43″ အထိ၊ ထိုမှ မြောက်ဘက်သို့ နန်းခေါင်ဟူးကြိုးဝိုင်းနယ်နိမိတ် ဖြစ်သည့် တောင်ကြောအတိုင်း ၂ မိုင်ခန့်လာရာ N–24˚ 32′ 24.58″, E–095˚ 46′ 40.19″ အထိ၊ ထိုမှ မြောက်ဘက်သို့ နန်းခေါင်ဟူးကြိုးဝိုင်းနယ်နိမိတ်တောင်ကြောအတိုင်း ၄ မိုင် ၂ ဖာလုံခန့်လာရာ N–24˚ 35′ 31.03″, E–095˚ 47′ 18.92″ အထိ၊ ထိုမှ အနောက်ဘက်သို့ ၂ မိုင်ခန့်လာရာ ဆိတ်ဖတ်တောင်ထိပ် N–24˚ 35′ 41.26″, E–095˚ 45′ 23.15″ အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ နန်းခေါင်ဟူးကြိုးဝိုင်းနယ်နိမိတ်တောင်ကြောအတိုင်း ၃ မိုင် ၄ ဖာလုံခန့်လာရာ N–24˚ 37′ 18.98″, E–095˚ 47′ 52.33″ အထိ၊ ထိုမှ မြောက်ဘက်သို့ ၎င်းကြိုးဝိုင်းနယ်နိမိတ်အတိုင်း ၂ မိုင် ၄ ဖာလုံခန့်လာရာ မူလစတင်ရာ နန့်ဆောင်ကြိုးဝိုင်းနယ်နိမိတ်၊ မံစီကြီးကြိုးပြင်ကာကွယ်တောနှင့် နန့်ခေါင်ဟူးကြိုးဝိုင်းနယ်နိမိတ်တို့ဆုံရာ N–24˚ 39′ 23.07″, E–095˚ 47′ 59.33″ အထိ။

**ချန်လှပ်ကွက်များ၏ အလားအလာဖော်ပြချက်**

၂။ ချန်လှပ်ကွက်များ အလားအလာဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

**ချန်လှပ်ကွက် (၁) အင်းဖိုအင်းမ (၂၁.၁၄) ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက်။ ယာယီဘုတ်တိုင်အမှတ် (A) N–24˚ 35′ 49.73″, E–095˚ 47′ 29.58″ မှအစပြု၍ အရှေ့မြောက်ဘက်သို့ ၂.၃ ဖာလုံခန့်လာရာ ယာယီဘုတ်တိုင်အမှတ် (B) N–24˚ 35′ 55.69″, E–095˚ 47′ 45.56″ အထိ၊

အရှေ့ဘက်။ ထိုမှ တောင်ဘက်သို့ ၉ သံကြိုးခန့်လာရာ ယာယီဘုတ်တိုင်အမှတ် (C) N–24˚ 35′ 49.47″, E–095˚ 47′ 45.46″ အထိ၊

တောင်ဘက်။ ထိုမှ အနောက်ဘက်သို့ ၂.၂ ဖာလုံခန့်လာရာ ယာယီဘုတ်တိုင်အမှတ် (C) N–24˚ 35′ 45.41″, E–095˚ 47′ 33.12″ အထိ၊

အနောက်ဘက်။ ထိုမှ မြောက်ဘက်သို့ ၈ သံကြိုးခန့်လာရာ မူလစတင်ရာ ယာယီဘုတ်တိုင်အမှတ် (A) N–24˚ 35′ 49.73″, E–095˚ 47′ 29.58″ အထိ။

**ချန်လှပ်ကွက် (၂) နတ်ရေတွင်းရေထွက်တောင်တော် (၁၈.၈၆) ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက်။ ယာယီဘုတ်တိုင်အမှတ် (A) N–24˚ 31′ 18.11″, E–095˚ 49′ 34.90″ မှအစပြု၍ အရှေ့ဘက်သို့ ၁.၉ ဖာလုံခန့်လာရာ ယာယီဘုတ်တိုင်အမှတ် (B) N–24˚ 31′ 18.11″, E–095˚ 49′ 46.14″ အထိ၊

အရှေ့ဘက်။ ထိုမှ တောင်ဘက်သို့ ၁.၁ ဖာလုံခန့်လာရာ ယာယီဘုတ်တိုင်အမှတ် (C) N–24˚ 31′ 8.24″, E–095˚ 49′ 42.16″ အထိ၊

တောင်ဘက်။ ထိုမှ အနောက်ဘက်သို့ ၁.၆ ဖာလုံခန့်လာရာ ယာယီဘုတ်တိုင်အမှတ် (D) N–24˚ 31′ 8.31″, E–095˚ 49′ 38.32″ အထိ၊

အနောက်ဘက်။ ထိုမှ မြောက်ဘက်သို့ ၁ ဖာလုံခန့်လာရာ မူလစတင်ရာ ယာယီဘုတ်တိုင်အမှတ် (A) N–24˚ 31′ 18.11″, E–095˚ 49′ 34.90″ အထိ။

## ချန်လှပ်ကွက် (၃) ဇလုံတောင်တော်ကလပ် (၂၅.၂) ဧက၏ နယ်နိမိတ်အလားအလာ

မြောက်ဘက်။ ယာယီဘုတ်တိုင်အမှတ် (A) N–24˚ 31′ 3.34″, E–095˚ 49′ 27.90″ မှအစပြု၍ ဆာဖာလိုင်းတောင်ခြေမှ အရှေ့ဘက်သို့ ၃.၁ ဖာလုံခန့်လာရာ ယာယီဘုတ်တိုင်အမှတ် (B) N–24˚ 31′ 3.29″, E–095˚ 49′ 50.00″ အထိ၊

အရှေ့ဘက်။ ထိုမှ တောင်ဘက်သို့ ၈ သံကြိုးခန့်လာရာ ယာယီဘုတ်တိုင်အမှတ် (C) N–24˚ 30′ 58.82″, E–095˚ 49′ 50.05″ အထိ၊

တောင်ဘက်။ ထိုမှ အနောက်ဘက်သို့ ၃.၀ ဖာလုံခန့်လာရာ ယာယီဘုတ်တိုင်အမှတ် (D) N–24˚ 30′ 58.97″, E–095˚ 49′ 27.85″ အထိ၊

အနောက်ဘက်။ ထိုမှ မြောက်ဘက်သို့ ၉ သံကြိုးခန့်လာရာ မူလအစနေရာ ယာယီဘုတ်တိုင်အမှတ် (A) N–24˚ 31′ 3.34″, E–095˚ 49′ 27.90″ အထိ။

## ချန်လှပ်ကွက် (၄) ဇလုံတောင်ကလေး (၂၅.၂၀) ဧက၏ နယ်နိမိတ်အလားအလာ

မြောက်ဘက်။ ယာယီဘုတ်တိုင်အမှတ် (A) N–24˚ 30′ 56.76″, E–095˚ 49′ 57.61″ မှအစပြု၍ အရှေ့ဘက်သို့ ၁.၅ ဖာလုံခန့်လာရာ ယာယီဘုတ်တိုင်အမှတ် (B) N–24˚ 30′ 56.51″, E–095˚ 50′ 10.63″ အထိ၊

အရှေ့ဘက်။ ထိုမှ တောင်ဘက်သို့ ၁.၆ ဖာလုံခန့်လာရာ ယာယီဘုတ်တိုင်အမှတ် (C) N–24˚ 30′ 47.94″, E–095˚ 50′ 5.11″ အထိ၊

တောင်ဘက်။ ထိုမှ အနောက်ဘက်သို့ ၁.၈ ဖာလုံခန့်လာရာ ယာယီဘုတ်တိုင်အမှတ် (D) N–24˚ 30′ 47.98″, E–095˚ 49′ 54.96″ အထိ၊

အနောက်ဘက်။ ထိုမှ မြောက်ဘက်သို့ ၁.၆ ဖာလုံခန့်လာရာ မူလစတင်ရာ ယာယီဘုတ်တိုင်အမှတ် (A) N–24˚ 30′ 56.76″, E–095˚ 49′ 57.61″ အထိ။

## ချန်လှပ်ကွက် (၅) စိမ့်ရေထွက်နဂါးထွင်းတောင် (၁၆.၀၁) ဧက၏ နယ်နိမိတ်အလားအလာ

မြောက်ဘက်။ ယာယီဘုတ်တိုင်အမှတ် (A) N–24˚ 30′ 37.11″, E–095˚ 49′ 48.50″ မှအစပြု၍ အရှေ့ဘက်သို့ ၁.၅ ဖာလုံခန့်လာရာ ယာယီဘုတ်တိုင်အမှတ် (B) N–24˚ 30′ 37.18″, E–095˚ 49′ 59.94″ အထိ၊

အရှေ့ဘက်။ ထိုမှ တောင်ဘက်သို့ ၁ ဖာလုံခန့်လာရာ ယာယီဘုတ်တိုင်အမှတ် (C) N–24˚ 30′ 31.70″, E–095˚ 50′ 0.01″ အထိ၊

တောင်ဘက်။ ထိုမှ အနောက်ဘက်သို့ ၁.၃ ဖာလုံခန့်လာရာ ယာယီဘုတ်တိုင်အမှတ် (D) N–24˚ 30′ 31.70″, E–095˚ 49′ 48.53″ အထိ၊

အနောက်ဘက်။ ထိုမှ မြောက်ဘက်သို့ ၁.၁ ဖာလုံခန့်လာရာ မူလစတင်ရာ ယာယီဘုတ်တိုင်အမှတ် (A) N–24˚ 30′ 37.11″, E–095˚ 49′ 48.50″ အထိ။

## ချန်လှပ်ကွက် (၆) ဆာဖာလိုင်းတောင် (၂၁.၉၆) ဧက၏ နယ်နိမိတ်အလားအလာ

မြောက်ဘက်။ ယာယီဘုတ်တိုင်အမှတ် (A) N–24˚ 30′ 20.89″, E–095˚ 49′ 34.90″ မှအစပြု၍ အရှေ့ဘက်သို့ ၁.၂ ဖာလုံခန့်လာရာ ယာယီဘုတ်တိုင်အမှတ် (B) N–24˚ 30′ 20.89″, E–095˚ 49′ 42.16″ အထိ၊

အရှေ့ဘက်။ ထိုမှ တောင်ဘက်သို့ ၁.၇ ဖာလုံခန့်လာရာ ယာယီဘုတ်တိုင်အမှတ် (C) N–24˚ 30′ 8.69″, E–095˚ 49′ 47.09″ အထိ၊

တောင်ဘက်။ ထိုမှ အနောက်ဘက်သို့ ၁.၃ ဖာလုံခန့်လာရာ ယာယီဘုတ်တိုင်အမှတ် (D) N–24˚ 30′ 10.40″, E–095˚ 49′ 30.58″ အထိ၊

အနောက်ဘက်။ ထိုမှ မြောက်ဘက်သို့ ၁.၈ ဖာလုံခန့်လာရာ မူလစတင်ရာ ယာယီဘုတ်တိုင်အမှတ် (A) N–24˚ 30′ 20.89″, E–095˚ 49′ 34.90″ အထိ။

**ချုန်လုပ်ကွက် (၇) ကျောက်မဏ္ဍပ် (၃၆.၇၆) ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက်။ ယာယီဘုတ်တိုင်အမှတ် (A) N–24˚ 29′ 54.39″, E–095˚ 49′ 1.89″ မှအစပြု၍ အရှေ့တောင်ဘက်သို့ ၂.၈ ဖာလုံခန့်လာရာ ယာယီဘုတ်တိုင်အမှတ် (B) N–24˚ 29′ 34.64″, E–095˚ 49′ 15.86″ အထိ၊

အရှေ့ဘက်။ ထိုမှ တောင်ဘက်သို့ ၁.၂ ဖာလုံခန့်လာရာ ယာယီဘုတ်တိုင်အမှတ် (C) N–24˚ 29′ 37.39″, E–095˚ 49′ 15.14″ အထိ၊

တောင်ဘက်။ ထိုမှ အနောက်မြောက်ဘက်သို့ ၂.၈ ဖာလုံခန့်လာရာ ယာယီဘုတ်တိုင်အမှတ် (D) N–24˚ 29′ 46.55″, E–095˚ 48′ 56.12″ အထိ၊

အနောက်ဘက်။ ထိုမှ မြောက်ဘက်သို့ ၁.၁ ဖာလုံခန့်လာရာ မူလစတင်ရာ ယာယီဘုတ်တိုင်အမှတ် (A) N–24˚ 29′ 54.39″, E–095˚ 49′ 1.89″ အထိ။

**ချုန်လုပ်ကွက် (၈) ဖွံ့ဖြိုးရေးဇုန် (၄၀.၉၀) ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက်။ ယာယီဘုတ်တိုင်အမှတ် (A) N–24˚ 30′ 38.51″, E–095˚ 48′ 26.10″ မှအစပြု၍ အရှေ့ဘက်သို့ ၁.၁ ဖာလုံခန့်လာရာ ယာယီဘုတ်တိုင်အမှတ် (B) N–24˚ 30′ 42.76″, E–095˚ 48′ 33.02″ အထိ၊

အရှေ့ဘက်။ ထိုမှ တောင်ဘက်သို့ ၃.၄ ဖာလုံခန့်လာရာ ယာယီဘုတ်တိုင်အမှတ် (C) N–24˚ 30′ 22.41″, E–095˚ 48′ 43.37″ အထိ၊

တောင်ဘက်။ ထိုမှ အနောက်ဘက်သို့ ၁.၂ ဖာလုံခန့်လာရာ ယာယီဘုတ်တိုင်အမှတ် (D) N–24˚ 30′ 22.41″, E–095˚ 48′ 35.01″ အထိ၊

အနောက်ဘက်။ ထိုမှ မြောက်ဘက်သို့ ၃.၄ ဖာလုံခန့်လာရာ မူလစတင်ရာ ယာယီဘုတ်တိုင်အမှတ် (A) N–24˚ 30′ 38.51″, E–095˚ 48′ 26.10″ အထိ။

**ချုန်လုပ်ကွက် (၉) တယ်ပင်ပြန့် (၄၃.၆၄) ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက်။ ယာယီဘုတ်တိုင်အမှတ် (A) N–24˚ 30′ 59.54″, E–095˚ 48′ 48.66″ မှအစပြု၍ အရှေ့ဘက်သို့ ၂.၇ ဖာလုံခန့်လာရာ ယာယီဘုတ်တိုင်အမှတ် (B) N–24˚ 31′ 2.83″, E–095˚ 49′ 7.98″ အထိ၊

အရှေ့ဘက်။ ထိုမှတောင်ဘက်သို့ နန့်ခေါင်ဟူးချောင်းဖျားသို့၁.၅ဖာလုံခန့်လာရာယာယီဘုတ်တိုင်အမှတ် (C) N–24˚ 30′ 54.04″, E–095˚ 49′ 7.73″ အထိ၊

တောင်ဘက်။ ထိုမှ အနောက်ဘက်သို့ ၂.၆ ဖာလုံခန့်လာရာ ယာယီဘုတ်တိုင်အမှတ် (D) N–24˚ 30′ 49.52″, E–095˚ 48′ 52.10″ အထိ၊

အနောက်ဘက်။ ထိုမှ မြောက်ဘက်သို့ နန့်ခေါင်ဟူးချောင်းအတိုင်း ၁.၅ ဖာလုံခန့်ဆင်းလာရာ မူလအစနေရာ ယာယီဘုတ်တိုင်အမှတ် (A) N–24˚ 30′ 59.54″, E–095˚ 48′ 48.66″ အထိ။

**တားမြစ်ချက်များ**

၃။ ဇလုံတောင်အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်သည့်နယ်မြေအတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန်တားမြစ်လိုက်သည်–

(က) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ခ) အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထားရှိခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

(ဂ) ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာ ပျက်စီးစေခြင်း သို့မဟုတ် ရေတွင်အဆိပ်ခတ်ခြင်း၊

(ဃ) မည်သည့်တောရိုင်းတိရစ္ဆာန်ကိုမျှ အမျိုးသားဥယျာဉ်အတွင်းသော်လည်းကောင်း၊ အမျိုးသားဥယျာဉ်နှင့် ထိစပ်ဆက်စပ်နေသည့် နေရာဒေသအတွင်းသော်လည်းကောင်း ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(င) မည်သည့်သဘာဝအပင်ကိုမဆို ခုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း၊

(စ) သက်ရှိသက်မဲ့ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထားတည်ရှိမှု တစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(ဆ) လူတို့မွေးမြူထားသောတိရစ္ဆာန်များကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊

(ဇ) မြေကိုတူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခုလုပ်ကိုင်ခြင်း၊

(ဈ) အများပြည်သူကြည့်ရှုလေ့လာအပန်းဖြေခွင့်ပြုထားသည့် နေရာများမှအပ တားမြစ်ထားသောနေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

(ည) မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်ထားရှိခြင်း။

၄။ **ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| ၁ | မရှိပါ | မရှိပါ |

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန်ပျက်ကွက်ခြင်းများရှိပါက ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေအရ အရေးယူခြင်းခံရမည်။

ခင်မောင်ရီ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၃၅/၂၀၂၂)

၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်

(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်)

**နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။　နိုင်ငံ၏ ကမ်းရိုးတန်းနှင့် ဒီရေတောကဏ္ဍဆိုင်ရာစီမံအုပ်ချုပ်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၀၆/၂၀၂၁) ဖြင့် **နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ** ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၂။　အဆိုပါ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များအား အထောက်အကူပြုနိုင်ရန်အတွက် **နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းကော်မတီ** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး (ပတ်ဝန်းကျင်နှင့် သစ်တော)<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | သယံဇာတရေးရာဝန်ကြီး<br>တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (င) | သယံဇာတရေးရာဝန်ကြီး<br>ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (စ) | သယံဇာတရေးရာဝန်ကြီး<br>မွန်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဆ) | သယံဇာတရေးရာဝန်ကြီး<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဇ) | သယံဇာတရေးရာဝန်ကြီး<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | သယံဇာတရေးရာဝန်ကြီး<br>ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ည) | စစ်ဦးစီးဗိုလ်မှူးချုပ် (ရေ) (စစ်ဆင်ရေး/တာဝန်)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) | အဖွဲ့ဝင် |

(ဋ) အဆင့်မြင့်အရာရှိကြီးတစ်ဦး — အဖွဲ့ဝင်
ကမ်းခြေစောင့်တပ်ဖွဲ့
ကာကွယ်ရေးဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ငါးလုပ်ငန်းဦးစီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

(ထ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

(ဒ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(ဓ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း

(န) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

(ပ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန

(ဖ) ရဲမှူးကြီး — အဖွဲ့ဝင်
ရေကြောင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ဗ) အမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဘ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
သစ်တောဦးစီးဌာန

၃။ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ၏လုပ်ငန်းတာဝန်များနှင့် အစည်းအဝေးဆုံးဖြတ်ချက်များအား လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဗဟိုကော်မတီနှင့် တိုင်းဒေသကြီး/ပြည်နယ် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ကော်မတီများအကြား ချိတ်ဆက်ဆောင်ရွက်ပေးရန်၊

(ခ) ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များအား နိစ္စဒူဝဆောင်ရွက်သွားမည့် အစိုးရဌာနကြီးသတ်မှတ်ပေးရန်နှင့် အဆိုပါဌာနကြီးမှ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ သတ်မှတ်ပြဋ္ဌာန်းပေးရန်၊

(ဂ) ဗဟိုကော်မတီအစည်းအဝေးမကျင်းပမီ ရက်သတ္တနှစ်ပတ်ကြိုတင်၍ လုပ်ငန်းကော်မတီ၏ အစည်းအဝေးကျင်းပရန်နှင့် ဗဟိုကော်မတီအစည်းအဝေးဆုံးဖြတ်ချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအား လာမည့်ဗဟိုကော်မတီအစည်းအဝေးတွင် စနစ်တကျတင်ပြနိုင်ရေးစီစဉ်ရန်၊

(ဃ) ဗဟိုကော်မတီ၏ကိုယ်စား နိုင်ငံတကာအဖွဲ့အစည်းကိုယ်စားလှယ်များကို လက်ခံတွေ့ဆုံ၍ ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ နည်းပညာနှင့် ရန်ပုံငွေများရရှိရေး ဆွေးနွေးညှိနှိုင်းရရှိချက်များအား အနီးကပ်ဆုံးဗဟိုကော်မတီအစည်းအဝေးတွင် ပြန်လည်တင်ပြရန်၊

(င) ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များအား အထောက်အကူပြုနိုင်ရန်အတွက် ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုနှင့်စပ်လျဉ်းသည့် အစိုးရဌာနများမှ ကိုယ်စားလှယ်များနှင့် အစိုးရဌာနပြင်ပမှ ပညာရှင်ကိုယ်စားလှယ်များပါဝင်သော ကျွမ်းကျင်မှုအဖွဲ့အစည်း (Expert Group) များ ဖွဲ့စည်းရန်နှင့် အဆိုပါအဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရန်၊

(စ) မြန်မာနိုင်ငံဆိုင်ရာ အနာဂတ်အတွက် ဒီရေတောများအစီအစဉ်ဖြင့် ရေးဆွဲထားသော နိုင်ငံအဆင့် မဟာဗျူဟာနှင့် စီမံချက် (National Strategy and Action Plan) အကောင်အထည်ဖော်မှုလုပ်ငန်းများအား နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ၏ ရည်ရွယ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေး ပံ့ပိုးကူညီပေးရန်။

၄။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၂ ခုနှစ်၊ မေလ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၆/၂၀၂၂ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

လှမောင်သိန်း
အတွင်းရေးမှူး
နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ
စီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၄၁၈/၂၀၂၂)

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်
(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်)

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့အစည်းအဝေးအမှတ်စဉ် (၃၅/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်အရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) တန်း၊ အောက်ဖော်ပြပါ အငယ်တန်းအင်ဂျင်နီယာ-၂ (၃) ဦးတို့အား ယင်းကော်ပိုရေးရှင်းတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တန်း၊ လက်ထောက်မန်နေဂျာ (အင်/ယာ) ရာထူးသို့ တိုးမြှင့်ခန့်ထား၍

ကနဦးလစာငွေ (၂၇၅,၀၀၀/-) ကို ခံစားခွင့်ပြုလိုက်ပြီး ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြပါ နေရာများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ ဌာန | တိုးမြှင့်သည့်ရာထူး၊ ဌာန |
|---|---|---|---|
| ၁။ | ဦးရဲဝင်းဇော် | အငယ်တန်းအင်ဂျင်နီယာ-၂ ချမ်းမြသာစည်မြို့နယ် လျှပ်စစ်မန်နေဂျာရုံး | လက်ထောက်မန်နေဂျာ (အင်/ယာ) နွားထိုးကြီးမြို့နယ် လျှပ်စစ်မန်နေဂျာရုံး |
| ၂။ | ဦးဖွဲ့ညီညီဝင်း | အငယ်တန်းအင်ဂျင်နီယာ-၂ ၃၃/၁၁ ကေဗွီ ပလိပ်ဓာတ်အားခွဲရုံ | လက်ထောက်မန်နေဂျာ (အင်/ယာ) ပလိပ်မြို့နယ်လျှပ်စစ်မန်နေဂျာရုံး |
| ၃။ | ဦးသိန်းထူး | အငယ်တန်းအင်ဂျင်နီယာ-၂ ပြင်ဦးလွင်မြို့နယ် လျှပ်စစ်မန်နေဂျာရုံး | လက်ထောက်မန်နေဂျာ (အင်/ယာ) ဝမ်းတွင်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံး |

## အမိန့်ကြော်ငြာစာအမှတ် (၄၁၉/၂၀၂၂)

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၅/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်အရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအား လျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) တန်း၊ အောက်ဖော်ပြပါ ရုံးအုပ်၊ စာရင်းကိုင်-၁၊ ပစ္စည်းထိန်း-၁၊ ဦးစီးမှူး (မြို့ပြ/စက်မှု/လျှပ်စစ်/ဘူမိ/မိုင်း/ဓာတ်ခွဲခန်း)၊ ပုံဆွဲ - ၁ (၄၃) ဦးတို့အား ယင်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တန်း၊ ဦးစီးအရာရှိ (စီမံ၊ ငွေစာရင်း၊ ပစ္စည်း၊ မြို့ပြ၊ စက်မှု၊ လျှပ်စစ်၊ ဘူမိ၊ မိုင်း၊ ဓာတ်ခွဲခန်း၊ ပုံဆွဲ) ရာထူးများသို့ တိုးမြှင့်ခန့်ထားလိုက်ပြီး ကနဦးလစာ ငွေ (၂၇၅,၀၀၀/-) ကို ခံစားခွင့်ပြုလိုက်သည်-

| စဉ် | အမည် | တိုးမြှင့်သည့်ရာထူး |
|---|---|---|
| ၁။ | ဒေါ်စိုးစန္ဒာသိန်း | ဦးစီးအရာရှိ (စီမံ) |
| ၂။ | ဒေါ်ဆန်းဆန်းစိုး | ဦးစီးအရာရှိ (ငွေစာရင်း) |
| ၃။ | ဒေါ်စန်းစန်းဌေး | ဦးစီးအရာရှိ (ငွေစာရင်း) |
| ၄။ | ဒေါ်သန္တာမြင့် | ဦးစီးအရာရှိ (ငွေစာရင်း) |
| ၅။ | ဒေါ်ကျော့ကျော့ထွေး | ဦးစီးအရာရှိ (ငွေစာရင်း) |
| ၆။ | ဒေါ်စန်းစန်းမော် | ဦးစီးအရာရှိ (ငွေစာရင်း) |
| ၇။ | ဒေါ်ရီရီအောင် | ဦးစီးအရာရှိ (ငွေစာရင်း) |
| ၈။ | ဦးကျော်သီဟ | ဦးစီးအရာရှိ (ပစ္စည်း) |
| ၉။ | ဦးဝေဟောင်စိုး | ဦးစီးအရာရှိ (မြို့ပြ) |
| ၁၀။ | ဦးဆလိုင်းစောနေမျိုးလင်း | ဦးစီးအရာရှိ (မြို့ပြ) |
| ၁၁။ | ဒေါ်မာလာမြင့် | ဦးစီးအရာရှိ (မြို့ပြ) |
| ၁၂။ | ဦးမြင့်လှိုင် | ဦးစီးအရာရှိ (မြို့ပြ) |
| ၁၃။ | ဦးသိုက်ထွန်းအောင် | ဦးစီးအရာရှိ (မြို့ပြ) |
| ၁၄။ | ဒေါ်စုနန္ဒာဝင်း | ဦးစီးအရာရှိ (မြို့ပြ) |

| စဉ် | အမည် | တိုးမြှင့်သည့်ရာထူး |
|---|---|---|
| ၁၅။ | ဒေါ်စန်းစန်းမော် | ဦးစီးအရာရှိ (မြို့ပြ) |
| ၁၆။ | ဦးဝင်းဆွေမိုး | ဦးစီးအရာရှိ (မြို့ပြ) |
| ၁၇။ | ဦးထွန်းထွန်းဝင်း<br>၇/ပခန (နိုင်) ၂၄၀၉၅၇ | ဦးစီးအရာရှိ (မြို့ပြ) |
| ၁၈။ | ဦးကျော်နိုင် | ဦးစီးအရာရှိ (မြို့ပြ) |
| ၁၉။ | ဒေါ်ဆွေသန္တာမောင် | ဦးစီးအရာရှိ (မြို့ပြ) |
| ၂၀။ | ဦးထွန်းထွန်းဝင်း<br>၁၂/သလန (နိုင်) ၀၈၈၅၃၈ | ဦးစီးအရာရှိ (မြို့ပြ) |
| ၂၁။ | ဦးဖိုးချို | ဦးစီးအရာရှိ (မြို့ပြ) |
| ၂၂။ | ဦးဝင်းနိုင်ထွန်း | ဦးစီးအရာရှိ (မြို့ပြ) |
| ၂၃။ | ဦးနေလင်းအောင်<br>၈/သရန (နိုင်) ၀၅၃၅၃၃ | ဦးစီးအရာရှိ (မြို့ပြ) |
| ၂၄။ | ဦးထွန်းထွန်းလင်း | ဦးစီးအရာရှိ (မြို့ပြ) |
| ၂၅။ | ဦးတင်မောင်ဝင်း | ဦးစီးအရာရှိ (မြို့ပြ) |
| ၂၆။ | ဒေါ်သိမ့်သိမ့်ထွန်း | ဦးစီးအရာရှိ (မြို့ပြ) |
| ၂၇။ | ဦးထင်လင်းစိုး | ဦးစီးအရာရှိ (စက်မှု) |
| ၂၈။ | ဦးရန်နောင်ဝင်း | ဦးစီးအရာရှိ (စက်မှု) |
| ၂၉။ | ဦးအောင်သိန်းဦး | ဦးစီးအရာရှိ (စက်မှု) |
| ၃၀။ | ဦးမြတ်ချို | ဦးစီးအရာရှိ (စက်မှု) |
| ၃၁။ | ဦးထွန်းလင်းကျော် | ဦးစီးအရာရှိ (စက်မှု) |
| ၃၂။ | ဦးအောင်သာနီစိုး | ဦးစီးအရာရှိ (စက်မှု) |
| ၃၃။ | ဦးစောထွန်းသိန်း | ဦးစီးအရာရှိ (စက်မှု) |
| ၃၄။ | ဦးဉာဏ်ဝါ | ဦးစီးအရာရှိ (လျှပ်စစ်) |
| ၃၅။ | ဦးဝင်းမြင့်အောင် | ဦးစီးအရာရှိ (လျှပ်စစ်) |
| ၃၆။ | ဦးဇော်တင့်နိုင် | ဦးစီးအရာရှိ (ဘူမိ) |
| ၃၇။ | ဦးပြည့်ဖြိုးအောင် | ဦးစီးအရာရှိ (မိုင်း) |
| ၃၈။ | ဒေါ်မိုးမိုးသန်း | ဦးစီးအရာရှိ (ဓာတ်ခွဲခန်း) |
| ၃၉။ | ဒေါ်နီနီစိုး | ဦးစီးအရာရှိ (ဓာတ်ခွဲခန်း) |
| ၄၀။ | ဒေါ်ဆွေဇင်ဦး | ဦးစီးအရာရှိ (ဓာတ်ခွဲခန်း) |
| ၄၁။ | ဒေါ်အေးခိုင်စိုး | ဦးစီးအရာရှိ (ဓာတ်ခွဲခန်း) |
| ၄၂။ | ဒေါ်ဇင်မာထွန်း | ဦးစီးအရာရှိ (ပုံဆွဲ) |
| ၄၃။ | ဒေါ်တင်တင်ချို | ဦးစီးအရာရှိ (ပုံဆွဲ) |

**အမိန့်ကြော်ငြာစာအမှတ် (၄၃၈/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်

(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်)

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဝန်ကြီးဌာန၊ အမှုဆောင်ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်အရ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ တီကျစ်ကျောက်မီးသွေးသုံးရေနွေးငွေ့ဓာတ်အားပေးစက်ရုံမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) တန်း၊ ဒုတိယအင်ဂျင်နီယာချုပ် ဒေါက်တာ ချမ်းငြိမ်းအောင်သန်း အား လုပ်ငန်းလိုအပ်ချက်အရ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ စီမံရေးဌာနသို့ လစာနှုန်းတူ ဒုတိယအထွေထွေမန်နေဂျာ (အင်ဂျင်နီယာ) ရာထူးဖြင့် ပြောင်းရွှေ့ တာဝန်ချထားလိုက်သည်။

သောင်းဟန်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၄၅၁/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်

(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်)

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန "ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့" ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ခေါင်းဆောင်
ဝန်ကြီးရုံး
(ဖုန်း-၀၆၇-၃၄၃၁၀၀၇)

( ခ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
(ဖုန်း-၀၆၇-၃၄၃၁၀၁၈)

( ဂ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန
(ဖုန်း-၀၆၇-၃၄၃၁၀၁၅)

(ဃ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြည်သူ့အင်အားဦးစီးဌာန
(ဖုန်း-၀၆၇-၃၄၃၁၀၆၂)

( င ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန
(ဖုန်း-၀၆၇-၃၄၃၁၀၂၅)

( စ ) ဒုတိယအမြဲတမ်းအတွင်းဝန် အတွင်းရေးမှူး
ဝန်ကြီးရုံး
(ဖုန်း-၀၆၇-၃၄၃၁၀၀၆)

၂။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ "ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့" ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မိမိတို့ဝန်ကြီးဌာန၏ သတင်းများထုတ်ပြန်ရာတွင် နိုင်ငံနှင့် ပြည်သူအကျိုးအတွက် သတင်းလက်ဦးမှုရယူထုတ်ပြန်နိုင်ရေး စီမံဆောင်ရွက်ရန်၊

( ခ ) ပြင်ပပုဂ္ဂလိကသတင်းမီဒီယာများမှ ဝန်ကြီးဌာနနှင့်ပတ်သက်၍ သိရှိလိုသည့်အချက်များ၊ အတည်ပြုရန်လိုအပ်ချက်များမေးမြန်းလာပါက ဝန်ကြီးဌာနကိုယ်စား ရှင်းလင်းတိကျမှန်ကန်စွာ ပြောကြားဆောင်ရွက်ရန်၊

( ဂ ) ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ၊ ကြေညာချက်များ၊ သတင်းများကို ဝန်ကြီးဌာန၏ Website, Page တို့၌ ရေးသားထုတ်လွှင့်ရန်၊

(ဃ) သတင်းအချက်အလက်များ စုစည်းထုတ်ပြန်ရာတွင် ပြည်သူများသိသင့်သိထိုက်သည့်သတင်းများဖြစ်စေရေးနှင့် နိုင်ငံတော်၏မူဝါဒအရ ထုတ်ပြန်ရန်မသင့်သည့်အချက်အလက်၊ အသုံးအနှုန်းများမပါရှိစေရေး ဂရုပြုအလေးထား စိစစ်သုံးသပ်ဆောင်ရွက်ရန်၊

( င ) ထုတ်ပြန်သည့် သတင်းအချက်အလက်များသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန်၊

( စ ) ထုတ်ပြန်သည့် သတင်းအချက်အလက်များသည် နိုင်ငံအချင်းချင်း၊ အဖွဲ့အစည်းတစ်ခုခု၊ လူမျိုးတစ်မျိုးမျိုး၊ ကိုးကွယ်သည့်ဘာသာတစ်ခုခု စသည်တို့နှင့်ပတ်သက်၍ အထင်အမြင်လွဲမှားကာ ထိခိုက်နစ်နာမှုမဖြစ်ပေါ်စေရေးအတွက် အလေးထားဂရုပြုဆောင်ရွက်ရန်၊

(ဆ) သတင်းစာရှင်းလင်းပွဲများတွင် ပြည်တွင်း/ပြည်ပမီဒီယာများမှ မေးမြန်းလာနိုင်သည့်မေးခွန်းများနှင့်ပတ်သက်၍ မိမိတို့ဌာနနှင့်ပတ်သက်ပြီး အများပြည်သူသိသင့်သည့် ကိစ္စရပ်များ၊ စိတ်ဝင်စားသည့်အကြောင်းအရာများ၊ လတ်တလောဖြစ်ပေါ်နေသည့်ဖြစ်စဉ်များကို စဉ်းစားသုံးသပ်ပြီး ခန့်မှန်းမေးခွန်းနှင့်အဖြေများအချိန်မီပြုစုပေးပို့နိုင်ရေး ဆောင်ရွက်ရန်။

မြင့်ကြိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၃၃/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်

(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်)

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ အဂတိဖြစ်စေနိုင်သည့် နေရာများကို စစ်ဆေးဖော်ထုတ်ခြင်း၊ အဂတိလိုက်စားမှုမှ ဖြစ်ပေါ်လာသည့် ပြဿနာများကို ဖြေရှင်းခြင်း၊ အဂတိဖြစ်စေနိုင်သည့်နေရာများတွင် မဖြစ်အောင် တားဆီးကာကွယ်ခြင်းတို့ ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည်–

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဒေါ်စီစီချိန်<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ရုံးအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ဒေါ်သန္တာလေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စစ်ဆေးရေးဦးစီးဌာန | ဒု-ဥက္ကဋ္ဌ (၁) |
| (ဂ) | ဒေါ်ခင်ခင်သီ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စစ်ဆေးရေး/နည်းပညာဖွံ့ဖြိုးရေး | ဒု-ဥက္ကဋ္ဌ (၂) |
| (ဃ) | ဒေါ်ငြိမ်းငြိမ်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံရေးရာ၊ လေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာန | ဒု-ဥက္ကဋ္ဌ (၃) |
| (င) | ဒေါ်ခင်လပြည့်အေး<br>ညွှန်ကြားရေးမှူး<br>ရုံးအဖွဲ့ (ပြည်တွင်း၊ ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ၊ အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ) | အဖွဲ့ဝင် |
| (စ) | ဒေါ်ရီရီမြင့်<br>ညွှန်ကြားရေးမှူး<br>ရုံးအဖွဲ့ (မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ၊ ဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ) | အဖွဲ့ဝင် |
| (ဆ) | ဒေါ်အေးအေးမာ<br>ညွှန်ကြားရေးမှူး<br>ရုံးအဖွဲ့ (e–Government ဌာနခွဲ) | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ဇ) | ဒေါ်မြဇင်<br>ညွှန်ကြားရေးမှူး<br>စစ်ဆေးရေးဌာနခွဲ-၁၊ PA Unit<br>စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒေါ်မြတ်ဖြူပြာကြည်<br>ညွှန်ကြားရေးမှူး<br>စစ်ဆေးရေးဌာနခွဲ-၂၊ ၃<br>စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဒေါ်သန္တာဖြူအေး<br>ညွှန်ကြားရေးမှူး<br>စစ်ဆေးရေးဌာနခွဲ-၄၊ ၅<br>စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒေါ်ခင်လင်းရီ<br>ညွှန်ကြားရေးမှူး<br>စစ်ဆေးရေးဌာနခွဲ-၆၊ ၇<br>စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒေါ်အေးအေး<br>ညွှန်ကြားရေးမှူး<br>စီမံရေးရာလေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒေါ်တင်တင်ငြိမ်း<br>ညွှန်ကြားရေးမှူး<br>စီမံရေးရာလေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဒေါ်စန်းယုမော်<br>ညွှန်ကြားရေးမှူး<br>သတင်းအချက်အလက်နှင့် နည်းပညာဖွံ့ဖြိုးမှုဌာနခွဲ | အဖွဲ့ဝင် |
| (ဏ) | ဒေါ်ကေသီစိန်<br>ညွှန်ကြားရေးမှူး<br>မြန်မာနိုင်ငံစာရင်းကောင်စီရုံး | အဖွဲ့ဝင် |
| (တ) | ဒေါ်ငွေးညွန့်နွယ်<br>ညွှန်ကြားရေးမှူး<br>နေပြည်တော်စာရင်းစစ်ရုံး | အဖွဲ့ဝင် |
| (ထ) | ဒေါ်ခင်လေးနွယ်<br>ညွှန်ကြားရေးမှူး<br>ရုံးအဖွဲ့ (ဦးစီးရုံး၊ စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ) | အတွင်းရေးမှူး |

၂။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အဂတိလိုက်စားမှုဖြစ်နိုင်ခြေရှိသော လုပ်ငန်းဆောင်ရွက်မှုများကို ကြိုတင်ဆန်းစစ်လေ့လာခြင်း၊

( ခ ) အဂတိလိုက်စားမှုမဖြစ်ပေါ်စေရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ သင်ကြားပို့ချခြင်း၊ ကြိုတင်တားဆီးရေးများ ဆောင်ရွက်ခြင်း၊

( ဂ ) အဂတိလိုက်စားမှုပေါ်ပေါက်သည့်အခါ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ အရေးယူနိုင်ရန်ဆောင်ရွက်ခြင်း၊

(ဃ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ အခါအားလျော်စွာထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာခြင်း၊

( င ) အဖွဲ့၏ ဆောင်ရွက်မှုအစီရင်ခံစာကို ပြည်ထောင်စုစာရင်းစစ်ချုပ်ထံသို့ လစဉ်အစီရင်ခံစာ တင်ပြခြင်း။

၃။ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂၉/၂၀၂၂ ဖြင့်ဖွဲ့စည်းခဲ့သော အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

တင်ဦး
ပြည်ထောင်စုစာရင်းစစ်ချုပ်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

### အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၂၂)

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်
(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၄၉၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာအား ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (Authorized Dealer) လိုင်စင်ရဘဏ်များမှတစ်ဆင့် ပြည်တွင်းသို့ လွှဲပြောင်းပေးပို့သည့် ပြည်ပရောက်မြန်မာနိုင်ငံသားများ၏ နိုင်ငံခြားသုံးငွေဖြင့် ရရှိသော လုပ်ခ သို့မဟုတ် လစာဝင်ငွေများကို မိမိကိုယ်တိုင်အတွက် သုံးစွဲခြင်း၊ အခြားသူသို့ လွှဲပြောင်းခြင်း၊ ဘဏ်သို့ ရောင်းချခြင်းတို့ကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ပါသည်။

၃။ အဆိုပါ လုပ်ခ သို့မဟုတ် လစာဝင်ငွေများကို တစ်ဆင့်ဝယ်ယူထားသည့် လူပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများအနေဖြင့် ထပ်ဆင့်ရောင်းချခြင်းမပြုရ။ မိမိကိုယ်တိုင်သုံးစွဲခြင်း၊ AD လိုင်စင်ရဘဏ်သို့ ရောင်းချခြင်းကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ပါသည်။

၄။ အထက်အပိုဒ် ၂ နှင့် ၃ ပါအတိုင်း ဆောင်ရွက်ရာတွင် AD လိုင်စင်ရဘဏ်သို့ နိုင်ငံခြားငွေဝင်ရောက်သည့်နေ့မှစ၍ အပြီးသတ်ရောင်းချသည်အထိ အချိန်ကာလစုစုပေါင်းသည် (၂၁) ရက်ထက် ကျော်လွန်ခြင်း မရှိစေရ။

၅။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

သန်းသန်းဆွေ
ဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်<br>(၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်) | သောကြာနေ့ |

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

**စစ်ရာထူးခန့်ချုပ်ရုံး**

**(ကြည်းတပ်ဌာနစု)**

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

အမှတ် ၁၄၂/၂၀၂၂။ တပ်မတော် (လေ) မှ အောက်ဖော်ပြပါ အရာရှိအား ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှစ၍ တပ်မတော် (လေ) ပြန်တမ်းဝင်အရာရှိအလုပ်ဝတ္တရားများကို ပြန်အပ်ခွင့်ပြုပြီး ၎င်းနေ့ရက်မှာပင် တပ်မတော် (ကြည်း) ပြန်တမ်းဝင်အရာရှိ (ဗိုလ်) အဖြစ် ပြောင်းလဲခန့်အပ်လိုက်သည်–

**တပ်မတော် (ကြည်း)**

လေ ၄၅၃၂ ဗိုလ် ဒေါ်ငွေစင်ဖြူသန့် ကြည်း ၇၈၆၅၆

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်

(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်)

အမှတ် ၁၄၃/၂၀၂၂။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၃၄) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

ညွန့်လှိုင် ကြည်း ၇၈၆၅၇

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်

စစ်ရာထူးခန့်ချုပ်

စစ်ရာထူးခန့်ချုပ်ရုံး

## နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်

(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်စွဲပါ စာအမှတ်၊ ၈၂၅/တမ-၂/၃၃၈/၂/၂၀၂၂ နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်စွဲပါ စာအမှတ်၊ ၀၄၇/၁-နစရ/ဝကရ (၂၂၈၂) တို့အရ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး (၂) ဦးအား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ အလုပ်တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိ ဌာန၊ ဒေသ |
|---|---|---|
| ၁။ | ဒေါ်အေးအိဖြူ | ရုံးချုပ်၊ စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲမှ နိုင်ငံတကာဆက်ဆံရေးဌာနခွဲတွဲ |
| ၂။ | ဦးရှားရယ် | မယ်စဲမြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ရုံးချုပ်တွဲ |

စိုင်းထွန်းညို

ညွှန်ကြားရေးမှူးချုပ်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## အကောက်ခွန်ဦးစီးဌာန

ရန်ကုန်မြို့၊ ၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်

(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)

အမှတ် ၁၇။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနသည် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အခွင့်ရ စီးပွားရေးလုပ်ငန်းဆောင်ရွက်သူဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ စံသတ်မှတ်ချက်များနှင့်ကိုက်ညီသော Shwe Wah Yaung Agriculture Production Co., Ltd (ကုန်တင်ပို့သူ) ကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ စည်းကမ်းလိုက်နာမှုအတွက် အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ (Level-1) အဖြစ် အသိအမှတ်ပြုလိုက်သည်။

ရန်ကုန်မြို့၊ ၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်

(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်)

အမှတ် ၁၈။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနသည် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ သီလဝါဆိပ်ကမ်းဒေသ အကွက်အမှတ်၊ ၃၀-၃၁ (က)၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ International Bulk Terminal Thilawa Co.,Ltd ၏ (၂,၉၀၅) စတုရန်းမီတာအကျယ်အဝန်းရှိ Silo (၉) လုံးအား ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့မှစ၍ ပုဂ္ဂလိကအကောက်ခွန်ကုန်လှောင်ရုံအဖြစ် သတ်မှတ်ခြင်းအား ပယ်ဖျက်လိုက်သည်။

ရန်ကုန်မြို့၊ ၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၅ ရက်
(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်)

အမှတ် ၁၉။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနသည် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၅ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ သီလဝါဆိပ်ကမ်းဒေသ အကွက်အမှတ်၊ ၃၀-၃၁(က)၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ International Bulk Terminal Thilawa Co., Ltd ၏ (၂,၉၀၅) စတုရန်းမီတာအကျယ်အဝန်းရှိ Silo (၉) လုံးအား ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့မှစ၍ အများပိုင်အကောက်ခွန်ကုန်လှောင်ရုံအဖြစ် သတ်မှတ်လိုက်သည်။

သိန်းဆွေ
ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန

## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်
(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်)

အမှတ် ၁၀။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်စွဲပါ စာအမှတ်-၁/၀၂/၁၉၀ (က) (၂၁၃၁/၂၀၂၂) အရ အောက်ဖော်ပြပါ လစာနှုန်း (၂၁၄,၀၀၀-၂,၀၀၀-၂၃၄,၀၀၀)၊ ဦးစီးမှူး (စက်မှု) (၃) ဦးအား လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (စက်မှု) ရာထူးသို့ အမှန်တကယ် အလုပ်ဝင်ရောက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် ခန့်ထားလိုက်သည်-

| စဉ် | အမည်နှင့် မှတ်ပုံတင်အမှတ် | ရာထူးတိုးမြှင့်တာဝန်ချထားသည့်ရုံးအမည် |
|---|---|---|
| ၁ | ဦးရှိန်ဝင်းကျော်<br>၈/ခမန (နိုင်) ၀၂၀၆၅၉ | လက်ထောက်ညွှန်ကြားရေးမှူး (စက်မှုလုပ်ငန်း) ရုံး၊ တည်ဆောက်ရေး (၇)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ ဝမ်းတွင်းမြို့။ |
| ၂ | ဦးထင်အောင်ကို<br>၈/ရနခ (နိုင်) ၀၀၂၉၅၆ | လက်ထောက်ညွှန်ကြားရေးမှူး (၂) ရုံး၊ စက်မှုအလုပ်ရုံအဆင့် (ခ)၊ စက်မှုတိုင်း (၁)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီး ဌာန၊ ရန်ကုန်မြို့။ |
| ၃ | ဦးမောင်ငွေး<br>၉/မထလ (နိုင်) ၁၃၀၃၀၁ | ဖြည့်တင်းရေးဌာနခွဲ (၁)၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်။ |

ဗိုလ်ဗိုလ်ကျော်
ညွှန်ကြားရေးမှူးချုပ်
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

## ဆရာအတတ်ပညာဦးစီးဌာန

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်

(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

အမှတ် ၁၇၁။ ဆရာအတတ်ပညာဦးစီးဌာန၊ ပညာရေးဒီဂရီကောလိပ်များမှ အောက်ဖော်ပြပါ သင်ပြနည်းဌာနရှိ နည်းပြ၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ပညာရေးဒီဂရီကောလိပ်များ၏ သင်ပြနည်းဌာနတွင် လက်ထောက်ကထိက၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိပညာရေးဒီဂရီကောလိပ် | တိုးမြှင့်ခန့်ထားသည့် ပညာရေးဒီဂရီကောလိပ် |
|---|---|---|---|
| ၁။ | ဒေါ်ငုဝါစိုး | ပြည်ပညာရေးဒီဂရီကောလိပ် | ပြည်ပညာရေးဒီဂရီကောလိပ် |
| ၂။ | ဒေါ်ငွေယုလွင် | စစ်ကိုင်းပညာရေးဒီဂရီကောလိပ် | စစ်ကိုင်းပညာရေးဒီဂရီကောလိပ် |
| ၃။ | ဒေါ်မုဝါကျော် | စစ်ကိုင်းပညာရေးဒီဂရီကောလိပ် | စစ်ကိုင်းပညာရေးဒီဂရီကောလိပ် |

အမှတ် ၁၇၂။ ဆရာအတတ်ပညာဦးစီးဌာန၊ ပညာရေးဒီဂရီကောလိပ်များမှ အောက်ဖော်ပြပါ သင်္ချာဌာနရှိ နည်းပြ၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ပညာရေးဒီဂရီကောလိပ်များ၏ သင်္ချာဌာနတွင် လက်ထောက်ကထိက၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိပညာရေးဒီဂရီကောလိပ် | တိုးမြှင့်ခန့်ထားသည့် ပညာရေးဒီဂရီကောလိပ် |
|---|---|---|---|
| ၁။ | ဒေါ်သန်းသန်းတင့် | မြစ်ကြီးနားပညာရေးဒီဂရီကောလိပ် | မြစ်ကြီးနားပညာရေးဒီဂရီကောလိပ် |
| ၂။ | ဒေါ်နှင်း | မကွေးပညာရေးဒီဂရီကောလိပ် | မကွေးပညာရေးဒီဂရီကောလိပ် |
| ၃။ | ဒေါ်အေးစိုးသက် | ရန်ကင်းပညာရေးဒီဂရီကောလိပ် | မကွေးပညာရေးဒီဂရီကောလိပ် |
| ၄။ | ဒေါ်ဝါဝါမင်း | မန္တလေးပညာရေးဒီဂရီကောလိပ် | မန္တလေးပညာရေးဒီဂရီကောလိပ် |
| ၅။ | ဒေါ်နန်းသန်းသန်းမြင့် | ဘားအံပညာရေးဒီဂရီကောလိပ် | ဘားအံပညာရေးဒီဂရီကောလိပ် |
| ၆။ | ဒေါ်အိအိသွယ် | ပခုက္ကူပညာရေးဒီဂရီကောလိပ် | မကွေးပညာရေးဒီဂရီကောလိပ် |
| ၇။ | ဒေါ်ခင်မာဝင်း | မုံရွာပညာရေးဒီဂရီကောလိပ် | မုံရွာပညာရေးဒီဂရီကောလိပ် |
| ၈။ | ဒေါ်ဥမ္မာမြင့် | မုံရွာပညာရေးဒီဂရီကောလိပ် | မုံရွာပညာရေးဒီဂရီကောလိပ် |

နှင်းကြည်

ညွှန်ကြားရေးမှူးချုပ်

ဆရာအတတ်ပညာဦးစီးဌာန

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်<br>(၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်) | သောကြာနေ့ |
| --- | --- | --- |

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

### NANDAW INVESTMENT COMPANY LIMITED

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ
အစုရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၁၉) ရက်နေ့တွင် ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီဒါရိုက်တာများ၏ အထူးအစည်းအဝေးတွင် အောက်ဖော်ပြပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်။

၁။ ကုမ္ပဏီကို မြန်မာနိုင်ငံ၏ ကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၁၉) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို ဆောင်ရွက်နိုင်ရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်သက်သက်မော် [B.Com, CPA, A.C.P.A] အား ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲရန်၊

၃။ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၁၉–၁၁–၂၀၂၂) ရက်နေ့နောက်ဆုံးထား၍ ကုမ္ပဏီမှ ရရန်ရှိသော ကြွေးမြီများ၊ ကုမ္ပဏီသို့ ပေးသွင်းရန်ရှိသော ကြွေးမြီများအတွက် အထောက်အထားခိုင်လုံစွာတင်ပြ၍ တောင်းခံပါရန်နှင့် ပေးသွင်းနိုင်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

အထက်ဖော်ပြပါ နေ့ရက်နောက်ပိုင်းမှတောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

Daw Nilar
Director
NANDAW INVESTMENT COMPANY LIMITED

ဒေါ်သက်သက်မော်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
B.Com, CPA, A.C.P.A
အမှတ်–၃၄၉/၃၅၁၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## Ignite Technology Group Company Limited
ဖျက်သိမ်းရန်ကြော်ငြာချက်

၁။ **Ignite Technology Group Company Limited** ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၁၃) ရက်နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၁၉၅၊ မြသီတာလမ်း၊ (၂၉) ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါက်တာ မြမာလာအေး (စဉ်-၇၃၅၂) လက်မှတ်ရတရားလွှတ်တော်ရှေ့နေအား ခန့်အပ်ထားရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဒေါက်တာ မြမာလာအေး (စဉ်-၇၃၅၂) လက်မှတ်ရတရားလွှတ်တော်ရှေ့နေနှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| Daw Ohn Myint | ဒေါက်တာ မြမာလာအေး |
| Director | တရားလွှတ်တော်ရှေ့နေ |
| Ignite Technology Group Company Limited | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## Mighty Swan Trading Company Limited
(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)
မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ - ၂၁၁
[မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ - ၃၅၇ (အေ)]

နောက်ဆုံးအစည်းအဝေးဖိတ်ကြားစာ

အထက်ပါ ကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၂၁) ရက် နံနက် (၉:၀၀) နာရီအချိန်တွင် အမှတ် (၃၂)၊ (၁၆) လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်းတင်ပြရန်၊

၂။ ၎င်းနှင့်ပတ်သက်သည့် အချက်အလက်များရှင်းပြရန်။

ကိုကိုဇော်
B.Com, CPA
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## FUYUN MYANMAR COMPANY LIMITED

### ဖျက်သိမ်းရန်ကြေညာချက်

၁။　**FUYUN MYANMAR COMPANY LIMITED** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၅-၈-၂၀၂၂) နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။　ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၁၄၅၊ ပထမထပ်၊ (၄၅) လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်ဇာနည်ညို B.Com, CPA, LCCI, M.S.A (အစိုးရအသိအမှတ်ပြုလက်မှတ်ရစာရင်းကိုင်နှင့် စာရင်းစစ်) [၁၂/ဗတထ (နိုင်) ၀၂၄၀၄၇] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။　သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း ဒေါ်ဇာနည်ညို ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးမြင့်ဟန်
ဒါရိုက်တာ
FUYUN MYANMAR COMPANY LIMITED

ဒေါ်ဇာနည်ညို
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
FUYUN MYANMAR COMPANY LIMITED
Phone : 09-43201827, 09-979886630
Phone : 01-8397008, 01-8294491

## Golden World Investment (Myanmar) Company Limited

### ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍
### အပြီးသတ်နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက်အစုရှယ်ယာရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို (၂၁-၁၁-၂၀၂၂) ရက်နေ့ နံနက် (၁၀:၀၀) နာရီတွင် Unit-1906, A19B, The Century Condo, အင်းစိန်လမ်းမ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပမည်ဖြစ်သဖြင့် အစုရှယ်ယာရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

ဒေါ်ရီရီအောင်
B.Com, CPA
Certified Public Accountant
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## HUGE ROCKY COMPANY LIMITED

### ဖျက်သိမ်းရန်ကြော်ငြာချက်

၁။ **HUGE ROCKY COMPANY LIMITED** ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် (၁၂-၁၀-၂၀၂၂) နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၃၄၄၊ (၄၅) ရပ်ကွက်၊ ရွှေပုဇွန်လမ်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်ခိုင်မြတ်ဝေ လက်မှတ်ရပြည်သူ့ တရားလွှတ်တော်ရှေ့နေအား ခန့်အပ်ထားရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း တရားဝင်စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| Thang Sai | ဒေါ်ခိုင်မြတ်ဝေ |
| Director | LL.B, DBL, DIL,DIS |
| Huge Rocky Co.,Ltd | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၀၀၁/၁၇.၉.၂၀၁၉) |

## Chunil I T C Co., Ltd

### မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၃၄၈ အရ

### အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာချက်

၁။ **Chunil I T C Co., Ltd** ကို အစုရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် (၁၈-၁၀-၂၀၂၂) နေ့တွင် ကျင်းပသော သာမန်ထက်ထူးကဲသော အထူးအထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်နန်းမိုခမ်းအောင်၊ နိုင်ငံသားစိစစ်ရေးအမှတ် [၁၂/တကန (နိုင်) ၁၄၉၂၂၀) အား ခန့်ထားရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း နောက်ဆုံးထား၍ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိထံ အထောက်အထားဖြင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| Daw Nwe Mar Pyone | Daw Nan Mo Kham Aung |
| Managing Director | Liquidator |
| Chunil I T C Co., Ltd | No. (60), 1st Floor, MahaBandoola Park Street, |
| | Kyauktada Township, Yangon. |

## SHEET METAL PROGRAM SERVICE COMPANY LIMITED (Reg.121093189)

## ၂၀၂၀ ပြည့်နှစ်၊ လုပ်ငန်းကြီးကြပ်ခြင်းဆိုင်ရာဥပဒေပုဒ်မ–၁၄၇ (က) ပုဒ်မခွဲငယ် (၂)၊ ပုဒ်မ–၁၅၂ (က)၊ ပုဒ်မ–၂၀၁ နှင့် လုပ်ငန်းကြီးကြပ်ခြင်းဆိုင်ရာနည်းဥပဒေပုဒ်မ– ၉၊ ၁၅ နှင့် ၈၇ တို့အရ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တံတားမြို့နယ်၊(၃၆)လမ်း၊အမှတ်–၁၁၇/၁၂၇၊(၆)လွှာ၌တည်ရှိသော **SHEET METAL PROGRAM SERVICE COMPANY LIMITED (Reg.121093189)** အား ဒါရိုက်တာများ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် အထူးအစည်းအဝေး၏ ဆုံးဖြတ်ချက်ကိုချမှတ်ခဲ့သည်မှာ–

၁။ လုပ်ငန်းကြီးကြပ်ခြင်းဆိုင်ရာဥပဒေပုဒ်မ–၁၄၇ (က) ပုဒ်မခွဲငယ် (၂) အရ ကုမ္ပဏီအား (၃၁–၇–၂၀၂၂) နေ့မှစ၍ ဒါရိုက်တာများ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ လုပ်ငန်းကြီးကြပ်ခြင်းဆိုင်ရာနည်းဥပဒေပုဒ်မ–၉ နှင့် ၁၅ အရ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အနော်ရထာလမ်း၊ အမှတ်–၈၂၊ (အပေါ်ဆုံးထပ်/ညာဘက်ခန်း) နေ ဒေါက်တာ ဦးတက်နေထွန်း (တရားလွှတ်တော်ရှေ့နေ စဉ်–၁၂၂၂၅/၂၀၁၇)၊ မြန်မာနိုင်ငံလုပ်ငန်းကြီးကြပ်ခြင်းဆိုင်ရာကျွမ်းကျင်သူများ အသင်း၏ အသင်းဝင် (အမှတ်–၀၀၁၄၁) အား ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်ရန်နှင့် ၎င်းအား ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းရာ၌ အကျိုးဖြစ်စေမည်ဟု ယူဆသည့် အတိုင်းအတာနှင့် ကာလအထိ အခွင့်အာဏာလွှဲအပ်ပြီး သင့်လျော်သည်ဟုယူဆရသော အခြားသက်ဆိုင်သည့် လုပ်ပိုင်ခွင့်များကိုခွင့်ပြုရန်၊

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီနှင့်ပတ်သက်၍ ပေးရန် ရရန်များရှိပါက တစ်လအတွင်း ဒေါက်တာ ဦးတက်နေထွန်း နှင့် ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

Mr. TAKAHIRO KUMABE
Director
Sheet Metal Program Service Limited
(ဒါရိုက်တာအဖွဲ့ကိုယ်စား)

ဒေါက်တာ ဦးတက်နေထွန်း
LL.B, D.B.L, D.M.L, LL.M, MRes, Ph.D
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၂၂၅/၂၀၁၇)
MAIP အသင်းဝင် (အမှတ်–၀၀၁၄၁)
ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
၀၉၅၁၃၂၄၂၅

**GIGANTIC COMPANY LIMITED**

ဖျက်သိမ်းရန်ကြော်ငြာချက်

၁။ **GIGANTIC COMPANY LIMITED** ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် (၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၃) ရက်နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်-၁၉၅၊ မြသီတာလမ်း၊ (၂၉) ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါက်တာ မြမာလာအေး တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၅၂) အား ခန့်အပ်ထားရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဒေါက်တာ မြမာလာအေး တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၅၂) နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးချန်ပွေလွန်း (ခ) ချန်ဦး
မန်နေးဂျင်းဒါရိုက်တာ
Gigantic Company Limited

ဒေါက်တာ မြမာလာအေး
တရားလွှတ်တော်ရှေ့နေ

ပ၊ ထ၊ န - အမှတ် ၅၇၅/ ၂၁/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၁၇၈၀/ ၂၁-၁၀-၂၀၂၂။